ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ အင်္ဂါနေ့၊ (15-1-2008) (၅၅၆၃)

အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မြစ်ရေတင်စီမံကိန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး
သတ်မှတ်အကျိုးပြုဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ရန် ရေအပြည့်အဝပေးရေး၊ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြား

ရန်ကုန်　ဇန်နဝါရီ　၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်းနှင့် ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေးစီမံကိန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဧက ၁၀၀၀ အကျိုးပြုစစ်ပင် လျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

သိုက်တုံးကန် စံပြကျေးရွာရှိ တောင်သူ ဦးမြင့်သောင်းအား ၎င်း၏ အောင်မြင်နေသော နေကြာနှင့် ပဲတီစိမ်း စိုက်ခင်းတို့နှင့်အတူ တွေ့ရစဉ်။

လုံ့လ၊ ဝီရိယဖြင့် မိုးစပါးအပြီး ဆောင်းသီးနှံစိုက်ပျိုးခြင်း၏ရလဒ်
ရန်ကုန်တောင်ပိုင်းခရိုင်မှ တောင်သူလယ်သမားကြီးများ လူနေမှုဘဝ မြင့်မားလာ

ရန်ကုန်　ဇန်နဝါရီ　၁၄

ကြည့်လေရာရာ မျက်စိတစ်ဆုံးတွင် အရည်အသွေးကောင်းသည့် ကျောက်စိမ်းရောင်သဖွယ် စိမ်းရင့်ညိုမှောင်နေသည့် ပဲခင်းများကို တပြန့်တပြောမြင်တွေ့နေရသည်။ မိုးစပါးခင်းများ ရိတ်သိမ်းပြီး၍ မြေအစိုဓာတ် ခြောက်သွေ့မသွားခင်မှာ ထယ်ထိုးထွန်ယက်၍ ဤပဲခင်းများကို သူတို့စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။ သူတို့ဆိုသည်မှာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ သုံးခွ၊ ခရမ်းဒေသမှ တောင်သူလယ်သမားကြီးများဖြစ်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့ ❁**

သတင်းဆောင်းပါး—
အောင်နိုင်ဦး(ကြေးမုံ)၊
ဓာတ်ပုံမှတ်တမ်း—
ဌေးအောင်(ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅–၁–၂၀၀၈
(အင်္ဂါနေ့)

ဈေးကွက်ဝင် ပဲတီစိမ်းနှင့် နေကြာသီးညှပ်စိုက်ပျိုး

ယခုနှစ်များအတွင်း ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်တွင် ပဲဈေးကောင်းမွန်လာသည့်အပြင် ကမ္ဘာ့ပဲဈေးကွက်တွင် ပဲလိုအပ်ချက် မြင့်မားလာမှုကြောင့် ဈေးကွက်ဝင်ပဲများ တိုးချဲ့စိုက်ပျိုးနေကြောင်း တွေ့ရသည်။

မတ်ပဲကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် စိုက်ပျိုးကြသည်။ ပဲစင်းငုံကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တို့၌လည်းကောင်း၊ ကုလားပဲကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်းကောင်း အဓိက စိုက်ပျိုးလျက်ရှိသည်။

ပဲအမျိုးမျိုးအနက် မအူပင်၊ ခနောင်တို၊ ဇလွန်၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်ဒေသတို့မှထွက်သည့် မတ်ပဲများ၊ ခရမ်း၊ သုံးခွတို့မှ ထွက်သည့် ပဲတီစိမ်းများသည် ဈေးကွက်တွင် နာမည်ရနေသဖြင့် ပိုမိုစိုက်ပျိုးတင်ပို့နိုင်ရေး ကြိုးပမ်းနေကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ခရမ်း၊ သုံးခွမြို့နယ်များအတွင်း မိုးစပါးရိတ်သိမ်းပြီးချိန်မှစ၍ မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်နှင့် ပဲလွန်းတို့ကို စိုက်ပျိုးလျက်ရှိသည်။

ဆီထွက်သီးနှံနေကြာသည် ပဲတီစိမ်းနှင့် ရိတ်သိမ်းချိန် မကွာလှသဖြင့် ပဲစိုက်ခင်းများနှင့်အတူ သီးညှပ်စိုက်ပျိုးနိုင်သည်။ ယခုနှစ် စိုက်ပျိုးရာသီအတွင်း ရန်ကုန်တောင်ပိုင်းခရိုင်တွင် နေကြာဧက နှစ်သောင်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။ ခရမ်း၊ သုံးခွဒေသထွက် ပဲတီစိမ်းများမှာ ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှသဖြင့် ပဲတီစိမ်း စိုက်ခင်းများနှင့် နေကြာများ သီးညှပ်စိုက်ပျိုးခြင်းကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

နှစ်စဉ် ပဲစိုက်ပျိုးဧက ကိုးသန်းကျော်ရှိပြီး ပဲမျိုးစုံ တန်ချိန်လေးသန်းကျော် ထွက်ရှိသည်။ ပြည်ပသို့ နှစ်စဉ် ပဲတန်ချိန် တိုးမြှင့်တင်ပို့နိုင်လျက်ရှိရာ နိုင်ငံတော်နှင့် တောင်သူများ အကျိုးစီးပွား ဖြစ်ထွန်းရရှိနေသည်။

မြန်မာ့ပဲမျိုးစုံကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နေသော လက်ရှိဈေးကွက် အလားအလာ၊ ပြည်ပမှ ပဲလိုအပ်ချက် အခြေအနေများအရ တောင်သူများက ဈေးကွက်ဝင် ပဲတီစိမ်းအပါအဝင် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ နေကြာများ သီးညှပ်တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် စားသုံးဆီ ဖူလုံလာပြီး ပြည်ပပို့ကုန် ပဲမျိုးစုံမှ ဝင်ငွေပိုမိုရရှိလာနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တတိယအကြိမ် အာဆီယံအနုပညာပွဲတော် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် အာဆီယံအနုပညာပွဲတော် (3rd ASEAN Festival of Arts) ဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် ည ၇ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တတိယအကြိမ် အာဆီယံအနုပညာပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၊ အာဆီယံ+၃ နိုင်ငံများမှ ယဉ်ကျေးမှု အနုပညာဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်မိသားစုများ၊ပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တတိယအကြိမ် အာဆီယံအနုပညာပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ အနုပညာရှင်များသည် နိုင်ငံအလိုက် ယဉ်ကျေးမှုအနုပညာ ပြကွက်များဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အနုပညာရှင်အဖွဲ့များ၏ ခေါင်းဆောင်များအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်သည်။

အဆိုပါ အနုပညာပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်ထိ ညစဉ်တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မင်းဘူးအသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

မင်းဘူးအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅ နှစ်နှင့်အထက် မင်းဘူးအသင်းဝင်များအား သက်ကြီးပူဇော်ပြီး ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော မင်းဘူးအသင်းဝင် အသင်းသားများ၏ သား၊ သမီးများအား ဆုချီးမြှင့်မည်ဖြစ်သည်။

စာရင်းများကို ဦးဝင်းဖေ ဖုန်း–၇၀၄၇၉၆ နှင့် ဒေါ်ခင်စိန်ဝင်း ဖုန်း–၅၆၀၆၁၁ သို့ ဆက်သွယ်ပေးပို့ရန်နှင့် ယင်းပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲသို့ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ စေတုတ္တရာ၊ ငဖဲ အစရှိသော မင်းဘူးခရိုင်သူ၊ ခရိုင်သား အသင်းဝင်သည်ဖြစ်စေ၊ အသင်းမဝင်သည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

ညောင်ဦးမြို့ သမိုင်းဝင် ရှေးဟောင်းရွှေစည်းခုံစေတီတော်မြတ်ကြီး စတင်ဆောက်ရွက်နေသည့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် မအူပင်မြို့ (၅)ရပ်ကွက် မင်းလမ်းနေ ဦးပြန့်–(ဒေါ်အေးစိန်) သား၊ သမီး၊ မြေးမြစ်တစ်စုက ကိုးလက်မပတ်လည် ရွှေပြား ၁၅ ချပ် ကျပ် ၁၅၀၀၀၀ ကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံးသို့ လာရောက် ပေးအပ် လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး)တို့က လက်ခံယူစဉ်။ (က–ပ)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Gusto Co.,Ltd ကကူညီပံ့ပိုးကာ Net Framework 3.5 ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၉ရက် (စနေနေ့) နံနက် ၉နာရီခွဲမှစတင်၍ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech ပြင်ပဆောင် အခန်း ၂၀၅၌ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးဇော်မိုးထွန်းနှင့် ဦးဝင်းထိန်ဝင်းတို့က ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ဟောပြောပွဲ သို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Software Developer များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် ဆွေးနွေးနိုင်ပြီး အသေးစိတ်သိရှိလိုပါက Myanmar Info-Tech မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး အဆောင် (၄) အခန်း(၄) ဖုန်း–၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက် ပိတောက်ပင်လမ်း (အောက်လမ်း)နေ နှစ်ဖက်သော ဘိုးဘွားများအမှူးထားပြီး ဦးဖိုးထူး–ဒေါ်ခင်ညို(မိဘမေတ္တာဘုရားဖူးပို့ဆောင်ရေး)သား မောင်သန့်ဇင်ဦး၏ (၂၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၅၀၀၀၀ ကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ "သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြို့သစ် (၈)ရပ်ကွက် ပိတောက်(၂)လမ်းရှိ ဓမ္မဝါဒီ သီလရှင်စာသင်တိုက် ပဓာန နာယက ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီအား ဂုဏ်ပြုပူဇော်ပွဲနှင့် ကျောင်းတိုက် တည်ထောင် သာသနာပြုခြင်း ငွေရတုအကြို ပူဇော်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပ ရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ နန္ဒဝံသထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား သီလရှင်ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီ၊ အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ဝဲပုံ)**

ဆက်လက်၍ ဓမ္မဝါဒီသီလရှင်စာသင်တိုက် ငွေရတုအကြိုနှင့် ဂုဏပူဇာစာစောင်တွင် ပါဝင်ရေးသားကြသည့် စာရေးဆရာများအတွက် ဂုဏ်ပြုလက်မှတ်များကို သီလရှင်ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသန်းလှိုင်(တက္ကသိုလ်သန်း)ထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ မင်္ဂလာဒုံမြို့နယ် တောတိုက် ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရထံမှ အနုမောဒနာတရား နာယူ၍ ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် သီလရှင်ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီအား ပူဇော်ပွဲအခမ်းအနားကို ကျောင်းတိုက်အနီးရှိ သဲကွင်းတရားပွဲစင်မြင့်၌ ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ရေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင် စက်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လက်ရှိရေပေးဝေမှု၊ မြို့နယ်များရှိရပ်ကွက်အလိုက် ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ရေဖြန့်ဝေမှု အစီအစဉ်များ၊ စီမံကိန်းဒုတိယအဆင့် ဆောင်ရွက်နေမှုနှင့် စီမံကိန်းတတိယ အဆင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ အင်းလျားကန်တူးဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့နေ ပြည်သူများ အတွက် ကြည်လင်သန့်ရှင်းသည့် သောက်သုံးရေလုံလောက်စွာ ရရှိရေးဆောင်ရွက် နေခြင်းဖြစ်၍ လုပ်ငန်းအပေါ်စေတနာထားပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ရေး၊ အင်းလျားကန် တူးဖော်ဆောင်ရွက်ရာတွင် ရေအတိုးအလျှော့အပေါ်မူတည်၍ ချိန်ကိုက်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ရေသန့်စင်စက်ရုံမှ ရန်ကုန်မြို့အတွင်း ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း ပထမအဆင့်အဖြစ် တည်ဆောက်ပြီးစီးသည့် ရေသန့်စက်ရုံမှ သောက်သုံးရေ နေ့စဉ် ရေဂါလန် ၄၅ သန်း ထပ်မံဖြည့်တင်းပေးဝေလျက်ရှိပြီး ဒုတိယအဆင့်၊ တတိယအဆင့် စီမံကိန်းတစ်ခုလုံး ပြီးစီးပါက နေ့စဉ် ရေဂါလန် ၁၃၅ သန်း ထပ်မံပေးဝေနိုင်မည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ ဧက ၇၀၀ အကျိုးပြု ဘားလား(၂) လျှပ်စစ်ရေတင် စီမံကိန်း၊ ဧက ၃၇၀၀ အကျိုးပြု ဆင်ဖုံလျှပ်စစ် ရေတင်စီမံကိန်း၊ ဧက ၅၀၀ အကျိုးပြု မလစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဧက ၁၀၀၀ အကျိုးပြု စစ်ပင် လျှပ်စစ်ရေတင်စီမံကိန်း၊ ဧက ၆၀၀ အကျိုးပြု ရေကျော်လျှပ်စစ်မြစ်ရေတင်စီမံကိန်း များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နွေစပါးစိုက်ပျိုးနိုင်ရေး အတွက် ရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အကျိုးပြု ဧကထက် လျာထားကျော်လွန်စွာ စိုက်ပျိုးနိုင်ရန် ရေအပြည့်အဝပေးဝေရေး၊ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးရာသီ၌ လျာထားဧက ၁၃၄၅၀ အနက် ဧက ၂၇၅၀ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင်၌ ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးရာသီ တွင် စုစုပေါင်း ၁၆၂၅၉၅ ဧက လျာထားသည့်အနက် ဧက ၆၀၀၀၀ စိုက်ပျိုးပြီးကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါး စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန(ရန်ကုန်တိုင်း) ညွှန်ကြားရေးမှူး ဦးကျော်သိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားပြီး ငမိုးရိပ်ရေထိန်းတံခါးအား ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရွာသာကြီးဘူတာသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့မီးရထား လက်ထောက်အထွေထွေမန်နေဂျာ(မြို့ပြ) ဦးဌေးအောင်က ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေး စီမံကိန်းဆိုင်ရာ အချက် အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားပြီး စီမံကိန်းမြေနေရာကို ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေးစီမံကိန်းအဖြစ် ဘူတာကို အလျား ၄၈၈ ပေ၊ အနံပေ ၁၁၀ ရှိ နှစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံနှင့် သုံးထပ်ထိန်းချုပ်မျှော်စင်တစ်ခု ပါဝင်မည်ဖြစ်သည်။ (သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ရခိုင်သဟာယအသင်း သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်း အဝေးကို ဖေဖော်ဝါရီ ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်ပြည့် နာယကကြီးများ၊ အမှုဆောင်ဟောင်းများ၊ ဂုဏ်ထူးဆောင်အသင်းဝင်များနှင့် အသက် (၈၀)ပြည့် အသင်းဝင်များအား ကန်တော့ကြမည်ဖြစ်သည်။ ထို့နောက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီး၊ မြေး များကိုလည်း ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်၍ အထောက်အထားနှင့်တကွ ဇန်နဝါရီ ၂၇ ရက် နောက်ဆုံးထားပြီး ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးရွှေ သိန်းကျော် ဖုန်း-၀၉၅၀၀၂၇၉၅၊ ဦးကျော်ဇံလှ ဖုန်း-၅၅၆၂၂၁၊ ဦးထွန်းနိုင် ဖုန်း-၀၉၅၀၁၃၈၈၇ တို့သို့ ဆက်သွယ်စာရင်းပေးကြရန်နှင့် အစည်းအဝေးသို့ ကြွရောက်ချီးမြှင့်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❁ လုံ့လ၊ ဝီရိယမှ

ရေ၊ မြေ သယံဇာတ ဆိုသည်မှာ လူတို့၏ လုံ့လ၊ ဝီရိယ၊ ဖွဲမာန်များနှင့် ပေါင်းစပ်မှသာ တန်ဖိုးတက်လာရစမြဲ။ "ရန်ကုန်တောင်ပိုင်းခရိုင်ထဲမှာ ဒီဒေသ က လယ်သမားတွေက ဖွဲ၊ လုံ့လလည်း ထက်သန်တယ်၊ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ အသိပညာ ဗဟုသုတကလည်း မြင့်မားတယ်"ဟု ရန်ကုန်တောင်ပိုင်း ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဇော်ဝိတ်က သူ့ဒေသမှ လယ်သမားကြီးများကို ချီးကျူးစကား ဆိုသည်။

မိုးစပါးအပြီးမှာ ဆောင်းသီးနှံပဲကို စိုက်ပျိုးခြင်းဖြင့် မြေတစ်ဧကချင်းတူ လျှင်ပင် ဝင်ငွေ နှစ်ခါရလာသည်။ ဤသို့ဖြင့် ဤဒေသမှ လယ်သမား များ၏ လူနေမှုအဆင့်အတန်းက မြင့်မားသည်မှာ မျက်မြင်ပင်ဖြစ်သည်။

သန်လျင်-သုံးခွ-ခရမ်း ကားလမ်း ဘေး သိုက်တူးကန်စံပြကျေးရွာ အပိုင်ရှိ တောင်သူ ဦးမြင့်သောင်း၏ ပဲတီစိမ်း မျိုးများ သရုပ်ပြ ယှဉ်ပြိုင်ကွက်ကို ခရိုင်မန်နေဂျာ ဦးဇော်ဝိတ်၊ သုံးခွမြို့ နယ် မန်နေဂျာ ဦးလှကြိုင်တို့နှင့်အတူ ဝင်ရောက်လေ့လာ ကြည့်ရှုခွင့်ရခဲ့ သည်။ သရုပ်ပြ ယှဉ်ပြိုင်ကွက်ဟု ဆိုသော်လည်း ဟန်ပြ၊ ရုပ်ပြသက် သက် မဟုတ်သည့် ဒေါင်ဒေါင်မြည် စံပြပဲခင်းအဖြစ် ရှုမြင်ရသည်။

ပဲခင်းအလယ်မှာ တင့်တယ်သပ်ရပ် သော အိမ်ရှိသည်။ အိမ်အနီးမှာ စားသုံး သီးနှံ စိုက်ခင်းနှင့် ရေကန်ငယ်တစ်ခု ရှိသည်။ ကန်နံဘေးမှာ ထွားကျိုင်း သန်မာစွာ ရှင်သန်ဖြစ်ထွန်းနေသည့် နေကြာစိုက်ခင်းတစ်ခုကို တွေ့ရသည်။

"ဒီနေကြာပင်တွေက ဆင်းရွှေကြာ-၂ အမျိုးအစားနေကြာတွေပါ၊ ပဲတီစိမ်း က မြေအစိုဓာတ်နဲ့တင် စိုက်လို့ရပေ မယ့် နေကြာကတော့ သူ့သက်တမ်း အတွင်းမှာ ရေသုံးကြိမ်လောင်းပေးဖို့ လိုပါတယ်၊ ကျွန်တော်ရယ်၊ ကျွန်တော့် မိသားစုတွေရဲ့ လုပ်အားနဲ့ပဲ ဒီနေကြာ ခင်းကို ရေထမ်းလောင်းပြီး စိုက်ခဲ့ တာပါ"ဟု ဦးမြင့်သောင်းက ဆိုသည်။ သူကနေကြာကို ယခုနှစ်မှ ပထမဆုံး စိုက်ဖူးခြင်းဟု ဆိုသော်လည်း နေကြာ ခင်းမှာ လှပစွာပင် အောင်မြင်နေပြီဖြစ် သည်။

ပဲတီစိမ်းစိုက်ခင်းမှ ပြန်အထွက်တွင် ဦးမြင့်သောင်း မေးမြန်းလိုက်သည့် "ပဲတီစိမ်းရဲ့ လက်ရှိကမ္ဘာ့ပေါက်ဈေး ဘယ်လောက်လဲဗျ" ဟူသော မေးခွန်း ကို ပြန်မဖြေနိုင်ခဲ့သော်လည်း ကမ္ဘာ့ ပဲဈေး၊ မြန်မာ့ပဲဈေးတို့ကို တောင်သူ တို့ထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေ အသိပေးဖို့ လိုအပ်နေပြီဟူသော အသိ တရားတစ်ခုကို ရခဲ့သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ သည် ကမ္ဘာ့ပဲစိုက်ပျိုး ထုတ်လုပ်မှု ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဆင့်သို့ တက်လှမ်းလာနေပြီဖြစ်သည်။ ၁၉၈၈-၈၉ ခုနှစ်မှစ၍ ပဲစိုက်ပျိုးသည့် ဧရိယာ များ နှစ်စဉ်မှန်မှန် တိုးတက်လာခဲ့ရာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဟက်တာ ၃ ဒသမ ၆ သန်းမှ ပဲမျိုးစုံ တန်ချိန် ၃ ဒသမ ၅ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ ကြောင်း အင်တာနက်သတင်းတစ်ပုဒ် တွင် ဖတ်ရှုလိုက်ရသည်။

ကြေးမုံသတင်းအဖွဲ့ သွားရောက်ခဲ့ သည့် ခရီးစဉ်အတွင်း ၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ် ရိက္ခာနေ့ အထိမ်းအမှတ် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန် ဆုရ ခရမ်းမြို့နယ်မှ တောင်သူ ဦးဘကြိုင် နှင့်လည်း တွေ့ဆုံခွင့်ရခဲ့ သည်။

ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဇော်ဝိတ် ရှင်းလင်းပြောကြားစဉ်။

ခရမ်းမြို့နယ်မှ ဦးဘကြိုင်က ၎င်း၏စိုက်ခင်းများကို လယ်ယာသုံး စက်ကိရိယာများဖြင့် သုံးစွဲ၍ အကျိုးကျေးဇူးများစွာ ရရှိကြောင်း ကြေးမုံ အဖွဲ့သို့ ရှင်းလင်းပြောကြားစဉ်။

ဦးဘကြိုင်သည် ခရမ်းမြို့နယ် ပေါက်ပင်ကျေးရွာသားဖြစ်ပြီး လယ်မြေ ၁၅၄ ဧက ပိုင်ဆိုင်သည်။ မိုးမှာ မိုးစပါး စိုက်ပြီး စပါးပေါ်ချိန်တွင် ပဲတီစိမ်း ကိုစိုက်သည်။ ပဲစိုက်သည့် သက်တမ်း မှာ ၁၂ နှစ်ရှိပြီး လယ်မြေဧက ၁၅၀ ကျော်ကို အမြန်ထွန်ယက်စိုက်ပျိုးနိုင် ရန်အတွက် စက်အားကို သုံးစွဲရန် လိုအပ်သည်။ ဤသို့ဖြင့် လယ်ယာသုံး စက်ကိရိယာများကို ဝယ်ယူသုံးစွဲခဲ့ခြင်း ကြောင့် အကျိုးကျေးဇူး များစွာဖြစ်ထွန်း ခဲ့သည်ဟု သူက ရှင်းပြသည်။

"ကျွန်တော် သုံးစွဲခဲ့တဲ့ စက်ကိရိယာ တွေကတော့ ထယ်ထိုးစက်(ရှော်ဘန်း)၊ သူကတစ်နေ့ကို ငါးဧက ပြီးပါတယ်၊ နောက်ငွန်ဒေါင်းလို့ခေါ်တဲ့ ရိုးပြတ် ရှမ်းစက်၊ သူက တစ်နေ့ကို ၁၅-၂၀ ဧကလောက်ပြီးအောင် လုပ်နိုင်ပါ တယ်။ နောက်တစ်ခုက ထွန်စက်ကြီး (ဇက်တာ)ပါ၊ တစ်နေ့ကို ၄၅ ဧက ကနေ ဧက ၅၀ လောက် ပြီးအောင် ထွန်နိုင်ပါတယ်။ နောက် ခြွေလှေ့စက် လည်း ကျွန်တော် ဝယ်ယူသုံးစွဲတဲ့ အတွက် တစ်နာရီ ၂၅ တင်း၊ တင်း ၃၀ လောက် ခြွေလှေ့နိုင်ပါတယ်"ဟု ဦးဘကြိုင်က ပြောကြားသည်။

စက်များကို သုံးစွဲနိုင်ခြင်းကြောင့် ရာသီအချိန်မီ စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ် ပြီး တစ်ဧက ပဲတီစိမ်းအထွက်နှုန်း ၄၂ တင်းခွဲဖြင့် FAO ဆုကို ဆွတ်ခူး နိုင်ခဲ့ခြင်းဖြစ်ကြောင်း ခရမ်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးမြင့်စိန်က ပြောကြားသည်။

"မြန်မာ့မြေသည် ဩဇာဓာတ်တို့ဖြင့် ထက်သန်၏။ မြေကြီးကို ထိုးဆွရုံ ဖြင့် ကောက်နှံတို့ ရယ်မောသော တိုင်းပြည်"ဟု အနောက်တိုင်းစာဆို တစ်ဦးက ဖွဲ့ဆိုခဲ့ဖူးသည်။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကနဦးတွင် စိုက်ပျိုးရေးကို အခြေခံထားသည်။ စိုက် ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားတိုး တက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွား လည်း မြင့်မားလာရမည်။ ရေ၊ မြေ၊ လုံ့လ၊ ဝီရိယ၊ မူဝါဒတို့ သဟဇာတ ရှိသည်နှင့်အမျှ နိုင်ငံ၏ အနာဂတ် သည်လှပပေလိမ့်မည်။ စိမ်းရောင်စို သည့် လယ်ကွင်းများပေါ်တွင် ရွှေရောင် နေခြည်က တောက်ပနေလေသည်။

(ကြေးမုံ)

သိုက်တူးကန်မှ ဦးမြင့်သောင်း ဆီထွက်နေကြာစိုက်ခင်းအကြောင်း ရှင်းလင်း ပြောကြားစဉ်။

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်ပညာရေးတက္ကသိုလ်(၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ကို ဇန်နဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီ တွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာ ပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ဒေါက်တာလွင်လွင်စိုး (ဒုတိယ ပါမောက္ခချုပ်၊ ရန်ကုန် ပညာရေးတက္ကသိုလ်) ဖုန်း- ၅၀၃၉၀၄၊ ဦးဝင်းကို ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် (ကျောင်းအုပ်ဆရာကြီး-ငြိမ်း) ဖုန်း-၀၉-၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး (သင်ရိုး) (DEPT) ဖုန်း-၅၅၇၃၀၉၊ ဦးအောင်သွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီး(၁) ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း-၀၂-၆၆၄၀၁၊ ဦးသက်နိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း-၂၁၂၉၇၄၊ ဦးကျော်ဝင်းမြင့် (လက်ထောက်ညွှန်ကြားရေးမှူး-ပညာ၊ ဦးစီး-၃) ဖုန်း-၂၁၂၉၆၉ လိုင်းခွဲ(၂၀၃)၊ ဦးအေးကြိုင် ရခိုင် ပြည်နယ် ပညာရေးမှူး ဖုန်း-၀၄၃-၂၃၃၈၄၊ ဒေါ်ကြူကြူရွှေ ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း-၅၅၄၉၆၄၊ ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက(၂) တာမွေ ဖုန်း-၅၄၂၁၃၇၊ ဦးရှိန်းလိန်းအောင် မြို့နယ်ပညာရေးမှူး သင်္ဃန်းကျွန်း ဖုန်း- ၅၆၄၂၁၁ နှင့် ဒေါ်ခင်သန်းထွေး အထပြ(ငြိမ်း) ဖုန်း-၂၉၃၃၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတကာနောက်ဆုံးသတင်းများ

တိုနီဘလဲကို ဥရောပသမဂ္ဂ၏ ဥက္ကဋ္ဌရွေးလျှင် မသင့်တော်ကြောင်း ပြင်သစ်ဆိုရှယ်လစ်ပါတီ ပြောကြား

ပါရီ ဇန်နဝါရီ ၁၄

ဗြိတိသျှဝန်ကြီးချုပ်ဟောင်း တိုနီဘလဲအား ဥရောပသမဂ္ဂ၏ ပထမဆုံးသော ဥက္ကဋ္ဌအဖြစ်ရွေးချယ် တာဝန်ပေးရန်ကိစ္စမှာ မဖြစ်သင့်မဖြစ်ထိုက်သောကိစ္စဖြစ်ကြောင်း ပြင်သစ်ဆိုရှယ်လစ်ပါတီ၏ ခေါင်းဆောင်က ဇန်နဝါရီ ၁၃ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံ ကာဘာလာမြို့ရှိ စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးအရ ကလေးငယ်ပါမကျန် ရှာဖွေစစ်ဆေးနေသည်ကို ဇန်နဝါရီ၁၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

မသင့်တော်

နိုင်ငံပေါင်း၂၇ နိုင်ငံ ပါဝင်သော ဥရောပသမဂ္ဂအဖွဲ့၏ ဥက္ကဋ္ဌရာထူးကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ဖန်တီး၍ ရွေးချယ်တာဝန်ပေးအပ်သွားရန် အစီအစဉ်ရှိသည်။ ဗြိတိန်နိုင်ငံ၏ လေဘာပါတီ ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲသည် အမေရိကန် ဦးဆောင်သော အီရတ်နိုင်ငံကို ကျူးကျော်သည့် စစ်ပွဲတွင် ပါဝင်ခဲ့သူဖြစ်သည်။ ထိုအချက်ကြောင့်ပင် ၎င်းအား ဥရောပသမဂ္ဂ၏ ဥက္ကဋ္ဌရာထူးကို ပေးအပ်ရန် မသင့်တော်ခြင်းဖြစ်သည်ဟု ပြင်သစ်ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဖရင်ကိုစ်ဟိုလန်ဒီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂွမ်တာနာမိုအကျဉ်းစခန်းကြောင့် ကန်၏ရုပ်ပုံသည် အရုပ်ဆိုး အကျည်းတန်

ဂွမ်တာနာမိုရေတပ်(ကျူးဘား)
ဇန်နဝါရီ ၁၄

ဂွမ်တာနာမိုအကျဉ်းစခန်းကြောင့် နိုင်ငံတကာ မျက်နှာစာတွင် အမေရိကန်နိုင်ငံ၏ ရုပ်ပုံသည်မှုကို အရုပ်ဆိုး အကျည်းတန်စေသဖြင့် ထိုအကျဉ်းစခန်းကို ပိတ်ပစ်လိုသော ဆန္ဒရှိသည်ဟု ကန်ထိပ်တန်း စစ်ဘက်အရာရှိက ပြောကြားသည်။

ပြောကြား

အထက်ဖော်ပြပါ အကြောင်းကြောင့် အကျဉ်းစခန်းကို ပိတ်လိုက်စေလိုသော ဆန္ဒရှိကြောင်း၊ သို့သော် ထိုသို့ဆောင်ရွက်ရန်မှာ ဥပဒေကြောင်းအရ ပြဿနာရှိနိုင်ကြောင်း အမေရိကန်ပူးတွဲစစ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး မိုက်မူလန်က တနင်္လွေနေ့တွင် ပြောကြားသည်။

လွန်ခဲ့သော ခြောက်နှစ်က စတင်ခဲ့သော အဆိုပါ အကျဉ်းစခန်းကို ပိတ်ပစ်ရန် အမေရိကန်၏ အပေါင်းပါများ အပါအဝင် နိုင်ငံအတော်များများက တောင်းဆိုခဲ့ကြသည်။ ထိုအကျဉ်းစခန်းတွင်အကြမ်းဖက်သမားဟုသံသယရှိသူများကို ဖမ်းဆီးချုပ်နှောင်ထားသည်။

ယင်းစခန်းကို စတင်ဖွင့်လှစ်ချိန်မှစ၍ ယနေ့ အချိန်အထိကာလအတွင်း အကျဉ်းသား တစ်ယောက်တည်းကိုသာ တရားနည်းလမ်းကျစွာ စစ်ဆေး၍ အပြစ်ပေးသည်ကို တွေ့ခဲ့ရသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ရှိ တရားရေးဝန်ကြီးဌာန အနီးတွင် ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က ဖမ်းဆီးနေသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်သူ ရွမ်နေနှင့် မက်ကိန်း မစ်ချီဂန်တွင် အလုပ်အကိုင်ကိစ္စ စကားစစ်ထိုးခဲ့ကြ

ယစ်ဆီလန်တီ(မစ်ချီဂန်) ဇန်နဝါရီ ၁၄

တစ်ချိန်က အမေရိကန်နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားအဖြစ် ရပ်တည်ခဲ့သော မစ်ချီဂန်ပြည်နယ်သည် ယခုအခါ စီးပွားရေးအခြေမလှဘဲဖြစ်နေသည်။ ထိုဒေသရှိ အလုပ်သမားများ အလုပ်လက်မဲ့ဘဝရောက်နေသည်။ ယင်းပြည်နယ်၏ စီးပွားရေးကို မည်သို့ပြန်လည်မြှင့်တင်မည် ဆိုသောကိစ္စရပ်နှင့်ပတ်သက်၍ အမေရိကန်အခြေခံအဆင့် သမ္မတလောင်းရွေးပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သူ မစ်ရွမ်နေနှင့် ဂျွန်မက်ကိန်းတို့သည် တနင်္လွေနေ့က ထိပ်တိုက်စကားစစ်ထိုးခဲ့ကြသည်။

မစ်ရွမ်နေသည် မစ်ချီဂန်ပြည်နယ်ဖွားတစ်ဦးဖြစ်သည်။ ၎င်းသည် မွေးဇာတိပြည်နယ်တွင် အနိုင်ရရှိရေးအတွက် ကြိုးစားလျက်ရှိသည်။ ရွမ်နေသည် အိုင်အိုဝါပြည်နယ် အခြေခံအဆင့် သမ္မတလောင်းရွေးပွဲတွင် အာကင်ဆောပြည်နယ် အုပ်ချုပ်ရေးမှူး မိုက်ဟာဘာဘီကို ရှုံးနိမ့်ခဲ့ပြီး နယူးဟမ်ရှိုင်းယားဒေသ အခြေခံအဆင့် သမ္မတလောင်းရွေးပွဲတွင် အာရီဇိုးနားပြည်နယ် ဆီးနိတ်အမတ် မက်ကိန်းကို ရှုံးခဲ့ပြီးဖြစ်သည်။

မစ်ချီဂန်ပြည်နယ်တွင် အလုပ်သမားများ အလုပ်အကိုင်များ ပျောက်နေရသည့်အဖြစ်ကို မိမိ လက်မခံနိုင်ကြောင်း၊ မက်ကိန်းသည် ပျောက်ကွယ်သွားပြီဖြစ်သော အလုပ်အကိုင်များပြန်မရနိုင်တော့ဟု ပြောခဲ့သူဖြစ်ကြောင်း၊ ၎င်းသည် အရှုံးကိုလက်ခံသော အရှုံးသမား၊ အလျှော့ပေးသမားသာဖြစ်ကြောင်းဖြင့် ရွမ်နေက ပြိုင်ဘက်မက်ကိန်းကို ပုတ်ခတ်ဝေဖန်သွားသည်။

ပျောက်ဆုံးသွားပြီးသော အလုပ်များပြန်ပေါ်လာမည်ဟု မိမိမပြောလိုကြောင်း၊ ထိုသို့ပြောရမည်ကို ရှက်ရွံ့ကြောင်း၊ သို့သော် မိမိအနေဖြင့် မစ်ချီဂန်နယ်သားများအတွက် အလုပ်အကိုင်သစ်များဖန်တီးပေးနိုင်မည်ဟု ဂုဏ်ယူစွာပြောကြားလိုကြောင်း မက်ကိန်းက ပြန်လည်ချေပခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထူးထူးခြားခြား ကမ္ဘာ့မှတ်တမ်းဝင်ဖြစ်ရပ်များ

အသက်အကြာဆုံး အောင့်နိုင်သူ

ဂျာမနီနိုင်ငံသား ဆီးတပ်စ်**(အောက်ပုံ)**သည် အီတလီနိုင်ငံ မီလန်မြို့တွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၅ ရက်က ရေအောက်အနက် ၁၀ပေ၌ ၁၄မိနစ်၁၂စက္ကန့်ကြာ အသက်အောင့် နေထိုင်ကာ အသက်အကြာဆုံး အောင့်နိုင်သူအဖြစ် ဂင်းနစ်မှတ်တမ်းဝင်သွားသည်။

လူအများဆုံးကစားသည့် ဘောလုံးခုံ

ဂျာမနီနိုင်ငံ ဂရမ်းဒေါ့ဖ်မြို့ စက်ရုံအလုပ်သမား ၄၀ တို့က ၂၀၀၆ ခုနှစ် ဇွန် ၈ ရက်တွင် ဘောလုံးခုံ ၁၂ ဒသမ ၂၆ မီတာ (ပေ၄၀၊ ၂လက်မ) အရှည်၌ ဘောလုံးအလုံး ၃၀ဖြင့် လူအများဆုံး ပါဝင်ကစားသည့် စံချိန်တင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ခြေထောက်ဖြင့် ကြက်ဥကိုရွှေ့သူ

အမေရိကန်သူ လက်စလီတစ်တန် **(ဝဲပုံ)** သည် ၂၀၀၆ ခုနှစ် ဇွန် ၁၁ ရက်က စပိန်နိုင်ငံ မဒရစ်မြို့တွင် ခန္ဓာကိုယ်ကို မှောက်လျက်အနေအထားမှ ခြေထောက်ကို ခေါင်းပေါ်မှ ကျော်ကာခြေထောက်ဖြင့် ကြက်ဥခြောက်လုံးကို ၅၇ စက္ကန့်အတွင်း ကြက်ဥခွက်အတွင်းသို့ ရွှေ့ပြောင်းထည့်ကာ ဂင်းနစ်မှတ်တမ်းဝင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

တန်းစီစကိတ်စီးသူများ

၂၀၀၆ခုနှစ် ဩဂုတ် ၆ရက်က စင်ကာပူနိုင်ငံတွင် ဆမ်ဆောင်း အေးရှားလီမိတက် (စင်ကာပူ)က ကြီးမှူးပြီး လူအများအပြား စီတန်းပါဝင်သည့် စကိတ်စီးပွဲ ကျင်းပခဲ့ရာ စင်ကာပူ အမျိုးသား၊ အမျိုးသမီး ၂၈၀ **(ယာပုံ)**တို့ တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်၍ စကိတ်စီးပွဲ၌ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပြီး ကမ္ဘာ့မှတ်တမ်းတင်ခဲ့သည်။

အီရတ်မြောက်ပိုင်း ကျေးရွာများကို တူရကီစစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ္စတန်ဒေသရှိ ပြောက်ကျားများ ထိန်းချုပ်ထားသည့် နယ်စပ်ကျေးရွာများကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက တူရကီစစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ကြောင်း အီရတ်နိုင်ငံရှိ ကာဒစ္စတန်ရုပ်သံက ထုတ်လွှင့်သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု မသိရပေ။

တိုက်ခိုက်မှု

ကာ့ဒ်အစိုးရ တာဝန်ရှိသူများက ချက်ချင်းဝေဖန်ပြောကြားခြင်းမရှိပေ။ တူရကီနိုင်ငံ ဒီရာဘာကီမြို့တွင် ဇန်နဝါရီ ၃ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပထမဆုံးနယ်စပ်ဖြတ်ကျော်လေကြောင်း တိုက်ခိုက်မှုဖြစ်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ကာဒစ္စတန် အလုပ်သမားများပါတီ (ပီကေကေ) ပြောက်ကျားများ၏ လက်ချက်ဖြစ်ကြောင်း တူရကီ အာဏာပိုင်များက စွပ်စွဲသည်။ ဒီဇင်ဘာလတွင် အီရတ်နိုင်ငံမြောက်ဘက်တောင်တန်းများရှိ ပီကေကေ ပြောက်ကျားများကို တူရကီ စစ်လေယာဉ်များက ကြိမ်ဖန်များစွာ တိုက်ခိုက်ခဲ့သည်။ တူရကီနိုင်ငံက တပ်ဖွဲ့ဝင် ၁၀၀၀၀၀ ကို အီရတ်နိုင်ငံ နယ်စပ်တွင်ဖြန့်ကြက်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

စင်ကာပူနိုင်ငံမှ အက်ဖ်-၁၆ တိုက်လေယာဉ်များနှင့် လေယာဉ်မှူးများကို စင်ကာပူလေဆိပ်တွင် ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယီမင်တွင်ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့အချင်းများ နှစ်ဦးထက်မနည်းသေဆုံး ၁၆ ဦး ဒဏ်ရာရ

အေဒင်(ယီမင်) ဇန်နဝါရီ ၁၄

ယီမင်နိုင်ငံ တောင်ပိုင်းတွင် ဇန်နဝါရီ ၁၃ ရက်က ဆန္ဒပြသူများနှင့် လုံခြုံရေး တာဝန်ရှိသူများ ပဋိပက္ခဖြစ်ပွားကြရာ အနည်းဆုံး နှစ်ဦးသေဆုံးသွားသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အေဒင်မြို့၌ဖြစ်ပွားသည့် အဆိုပါ ဖြစ်စဉ်တွင် ၁၆ ဦး ဒဏ်ရာရရှိပြီး လူအချို့ကို ဖမ်းဆီးလိုက်ရသည်ဟု အစိုးရသတင်း ထုတ်ပြန်ရေးအဖွဲ့ ဆာဘားသတင်းဌာနက ဖော်ပြသည်။ ယင်းဖြစ်ရပ်တွင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် မဆင်မခြင် ပစ်ခတ်မှုများပြုလုပ်သည်ဟု မျက်မြင်တွေ့ရှိသူများနှင့် ဆန္ဒပြပွဲစီစဉ်သူများက အပြစ်ဆိုကြသည်။

ယီမင်နိုင်ငံတွင် မြောက်ပိုင်းကို အခြေပြုသော အစိုးရအဖွဲ့နှင့် တောင်ပိုင်းကို အခြေပြုသော နိုင်ငံရေး အုပ်စုများအကြား တင်းမာမှုများဖြစ်ပေါ်လျက်ရှိသည်။ထိုတင်းမာမှုကို လျှော့ချနိုင်ရန် နှစ်ဖက်စေ့စပ်ညှိနှိုင်းရေးကို တောင်းဆိုသည့် ယခု ဆန္ဒပြပွဲကို ကျင်းပခဲ့ကြခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂွမ်တာနာမို အကျဉ်းစခန်း ပိတ်သိမ်းပေးရေး ဆန္ဒပြသူ ၈၁ ဦးကို အမေရိကန်ရဲတပ်ဖွဲ့က ဖမ်းဆီး

ဝါရှင်တန် ဇန်နဝါရီ ၁၃

ဂွမ်တာနာမို ပင်လယ်အော်ရှိ အမေရိကန် အကျဉ်းစခန်းကို ပိတ်သိမ်းပေးရန် ဆန္ဒပြတောင်းဆိုသူ ၈၁ ဦးကိုအမေရိကန်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၁ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း ဇန်နဝါရီ ၁၃ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဂွမ်တာနာမို ပင်လယ်အော် အကျဉ်းစခန်းဖွင့်လှစ်မှု ခြောက်နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ယင်းသို့ ဆန္ဒပြကြခြင်း ဖြစ်သည်။ ဆန္ဒပြသမား ၂၀၀ခန့်သည် အကျဉ်းသားဝတ်စုံနှင့် တူညီသည့် ဝတ်စုံများကို ဝတ်ဆင်ကာ အမေရိကန် တရားရုံးချုပ်ရှေ့တွင် ဆန္ဒပြခဲ့ကြသည်။

ဂွမ်တာနာမို အကျဉ်းစခန်းတွင် အမေရိကန် စစ်ဘက်က အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်း ခံရသူများကို ထိန်းချုပ်ထားသည်။ ဂွမ်တာနာမို အကျဉ်းစခန်း ပိတ်သိမ်းပေးရန် ဆန္ဒပြသူများက ဟစ်ကြွေးတောင်းဆိုကြသည်။

ဂွမ်တာနာမို အကျဉ်းစခန်းရှိ အကျဉ်းသားများသည် ၎င်းတို့ ထိန်းသိမ်းခံရသည့် အနေအထားများနှင့်ပတ်သက်၍ အမေရိကန် အရပ်ဘက် တရားရုံးများ၌ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ခွင့် ရှိ၊ မရှိ တရားရုံးချုပ်က စဉ်းစားသုံးသပ်လျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းညကပွဲရုံများ၌ ဆေးလိပ်သောက်မှု ပိတ်ပင်မည်

ဗန်ကောက် ဇန်နဝါရီ ၁၃

ထိုင်းနိုင်ငံတွင် ညကပွဲရုံများ၌ ဆေးလိပ်သောက်မှုကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနက ဇန်နါရီ ၁၂ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ အာဏာသက်ဝင်လာမည့် ပိတ်ပင်ချက်အရ ညကပွဲရုံများ၊ အရက်ဆိုင်များနှင့် လဟာပြင်ဈေးဆိုင်များတွင် ဆေးလိပ်သောက်ခွင့်ပြုမည် မဟုတ်ပေ။

လေအေးပေးစက် တပ်ဆင်ထားသော နေရာများ၌ ဆေးလိပ်သောက်မှုကို ပိတ်ပင်မည် ဖြစ်သည်။ လဟာပြင်၌ တည်ခင်းရောင်းချသည့် စားသောက်ဆိုင်များအနေဖြင့် ဆေးလိပ်မသောက်ရနေရာများကို သတ်သတ် မှတ်မှတ်ထား ရှိရမည်ဖြစ်သည်။

အင်တာနက်။

ကင်ညာ၌ အဓိကရုဏ်းကြောင့် သေဆုံးသူ ၆၀၀ နီးပါးအထိ တိုးမြင့်လာ

နိုင်ရိုဘီ ဇန်နဝါရီ ၁၄

ကင်ညာနိုင်ငံသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အမ်ဝေကီဘာကီ ပြန်လည်ရွေးချယ်တင်မြှောက် ခံရပြီးနောက် နိုင်ငံတွင်း၌ ဆူပူမငြိမ်သက်မှုများဖြစ်ပေါ်လာသည်။ သီတင်းနှစ်ပတ်ကျော်မျှ ဖြစ်ပွားနေသည့် ဆူပူမှုများအတွင်း သေဆုံးရသူဦးရေမှာ ၆၀၀ ဝန်းကျင်အထိ မြင့်တက်လာကြောင်း ကယ်ဆယ်ရေးအေဂျင်စီများက ဇန်နဝါရီ ၁၄ရက်တွင် ပြောကြားသည်။

သေဆုံး

ဇန်နဝါရီ ၁၁ရက်အထိ ဒေသခံကြက်ခြေနီအဖွဲ့က ပြုစုထားသော စာရင်းများအရ အတည်ပြုထားသော သေဆုံးသူဦးရေသည် ၅၇၅ ဦးရှိသည်ဟု ဆိုသည်။

လက်ရှိ သမ္မတအား ထောက်ခံသူနှင့်မထောက်ခံသူများအကြား အချင်းများမှု၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ဆန္ဒပြသူများအကြား ပဋိပက္ခဖြစ်မှုနှင့် လုယက်မှုများကြောင့် သေဆုံးမှုများပေါ်ပေါက်လာခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မဟာဗျူဟာမြောက် ဆွေးနွေးပွဲ တရုတ်နှင့် အမေရိကန်ကျင်းပမည်

ပေကျင်း ဇန်နဝါရီ ၁၃

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် ပဉ္စမအကြိမ်မဟာဗျူဟာမြောက် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကျန်ယုက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တက်ရောက်ကြမည်ဖြစ်သည်။

မဟာဗျူဟာမြောက်ဆွေးနွေးပွဲတွင် တရုတ်နှင့် အမေရိကန်ဆက်ဆံရေး အခြေအနေကို သုံးသပ်ကြမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာပြဿနာများနှင့် ပတ်သက်၍လည်း ဆွေးနွေးရန်စီစဉ်ထားကြောင်း သတင်းစာ ရှင်းလင်းပွဲတွင် ပြောရေးဆိုခွင့်ရှိသူ ကျန်ယုက ပြောကြားသည်။ တရုတ်သမ္မတ ဟူကျင်တောင်နှင့် အမေရိ ကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်တို့ ၂၀၀၄ ခုနှစ်၌ ရရှိခဲ့သည့်သဘောတူညီချက်အရ မဟာဗျူဟာမြောက်ဆွေးနွေးပွဲကို ကျင်းပခြင်း ဖြစ်သည်။

အင်တာနက်။

ထိုင်းတောင်ပိုင်း၌ ချုံခိုတိုက်ခိုက်မှုဖြစ်ပွား တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

ဗန်ကောက် ဇန်နဝါရီ ၁၄

ထိုင်းနိုင်ငံတောင်ပိုင်းရှိ မငြိမ်မသက်ဖြစ်နေသော နာရာသီဝပ်ပြည်နယ်တွင် ဇန်နဝါရီ ၁၄ ရက်က ကင်းလှည့်နေသော အစိုးရတပ်ဖွဲ့ဝင်များကို သောင်းကျန်းသူများက ချုံခိုတိုက်ခိုက်ရာ အနည်းဆုံးတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးသွားကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။

တိုက်ခိုက်

အစိုးရတပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရသောနေရာမှာ ချာနီခရိုင် ရူဖိုကျေးရွာအနီး လမ်းမတစ်နေရာ၌ဖြစ်သည်ဟု အက်ဖ်အမ် ၁၀၀ ရေဒီယိုက ကြေညာသွားသည်။

သောင်းကျန်းသူများနှင့် ပစ်ခတ်တိုက်ခိုက်မှုမှာ နာရီဝက်မျှ ကြာသည်။ အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် သောင်းကျန်းသူများ ဆုတ်ခွာသွားကြောင်း သိရသည်။

ကနဦး ရရှိသောသတင်းတွင် အစိုးရတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီနိုင်ငံ အိုဘာဟော့ဖ်အရပ်တွင် နှင်းများထူထပ်စွာ ကျနေသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာ သတင်းများ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးအခန်းကဏ္ဍ (၁)

ပါမောက္ခ
ဒေါက်တာပိုင်စိုး

လူ့ဘဝတွင် အခြေခံရည်မှန်းချက်တစ်ခုဖြစ်သော ရောဂါဘယ ကင်းရှင်းစွာ လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးသည် အထူးအရေးကြီးပါသည်။ နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်နေကြသော ပြည်သူတစ်ရပ်လုံးကို ယင်းအခြေခံရည်မှန်းချက် ပြည့်မီရန်အတွက် နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနသည် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာတွင် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက် မူဝါဒများ၊ လုပ်ငန်းနည်းလမ်းများ ချမှတ်လုပ်ဆောင်လျက်ရှိပါသည်။ လူ့သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး ဟူသော ရည်မှန်းချက် မူဝါဒနှစ်ရပ်ချမှတ်ပြီး ရောဂါဘယကာကွယ်နှိမ်နင်းခြင်း၊ ထိရောက်သော ကုသမှုများပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း စသော နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဝန်ထမ်းများသည် ဆေးကုသခြင်း တစ်ခုတည်းသာ တတ်ကျွမ်းရုံသာမက ကျန်းမာရေး စောင့်ရှောက်မှုနှင့် သက်ဆိုင်သော ဘက်ပေါင်းစုံမှလည်း တတ်ကျွမ်းနားလည်ရန် လိုအပ်ပါသည်။ ရောဂါကာကွယ်ခြင်းနှင့် ကျန်းမာရေး ပညာပေး၍ မြှင့်တင်ခြင်းသည် ကုသခြင်းထက် ကောင်းသည်ဟူသော သဘာဝတရားအရ ရောဂါများ ကာကွယ်နှိမ်နင်းခြင်း၊ ကျန်းမာရေး အဆင့်မြှင့်တင်ခြင်းတို့တွင်လည်း တတ်ကျွမ်းနေရန် လိုအပ်ပါသည်။ ထို့အတူ ဆေးဘက်ဆိုင်ရာ အသိဉာဏ်ပညာရပ်များကို အစဉ်လေ့လာ တတ်ကျွမ်းနေရပြီး တတ်သိထားရှိသော ပညာရပ်များကို မျိုးဆက်သစ်များအား သင်ကြားဖြန့်ဖြူးပေးနိုင်ရမည် ဖြစ်ပါသည်။ ရောဂါဟောင်း ရောဂါသစ်များအား ထိရောက်သော ကာကွယ်ကုသ ပညာပေးခြင်းများ ပြုလုပ်နိုင်ရန်အတွက် သုတေသန နည်းပညာအားလည်း တတ်သိလုပ်ကိုင်ရန် လိုအပ်ပါသည်။ တိမ်မြုပ်နေသော တိုင်းရင်းဆေးပညာရပ်များအား သိပ္ပံနည်းကျ ဖော်ထုတ်ပြီး အနောက်တိုင်းဆေးများနည်းတူ အသုံးပြုနိုင်ရပါမည်။ အကျိုးရှိရှိ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ရန်အတွက် စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်သော စွမ်းရည်များလည်း ရှိရန် လိုအပ်ပါသည်။

စွမ်းအားစုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတစ်ဝန်း အရပ်ဒေသအသီးသီးသို့ ရောက်ရှိရာတွင် ကျန်းမာရေး ဝန်ထမ်းများအား အကြိမ်ကြိမ်တွေ့ဆုံပြီး လမ်းညွှန်သြဝါဒများပေးရာ၌ **“ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အတူ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ ပစ္စည်းပိုင်းဆိုင်ရာ လိုအပ်ချက် များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Human Resources Development နှင့် Material Development တို့ကို အချိုးညီပေါင်းစပ်နိုင်မှသာ ပညာရပ်ဆိုင်ရာ နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ပြင် ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများ Research and Development ကို တွဲဖက်ဆောင်ရွက်သွားရန်လည်း လိုကြောင်း။**

“ကျန်းမာရေးနယ်ပယ် အပါအဝင် သိပ္ပံနှင့်ဝိဇ္ဇာပညာရပ် နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရင်းခံကျသည်မှာ လူသားအရင်းအမြစ်ပင်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု မရှိပါက ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရန် မဖြစ်နိုင်ကြောင်း၊ ယခုအချိန်အထိ မိမိတို့နိုင်ငံ၌ ကျွမ်းကျင်သော ပါရဂူများ၊ ဆရာဝန်ကြီးများ ရှိနေသဖြင့် မိမိတို့၏ ဆေးပညာအဆင့်အတန်းကို အခြားနိုင်ငံများက လေးစားမှုရှိကြောင်း။

“နိုင်ငံတော်အတွက် လိုအပ်နေသော ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေးအတွက် ဆေးတက္ကသိုလ်များအပြင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက်ပညာသည် တက္ကသိုလ်၊ သူနာပြု တက္ကသိုလ် စသည်ဖြင့် တိုးချဲ့ဖွင့်လှစ်လျက်ရှိသကဲ့သို့ လုပ်ငန်းခွင်သင်တန်းများ အဖြစ် ဒီပလိုမာ သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ထားပြီး ကျွမ်းကျင်သူများကို မွေးထုတ်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း စေလွှတ်ပေးလျက်ရှိကြောင်း။

“နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ တိုင်းများ၏ ဆေးရုံကြီးများကို လိုအပ်သလို အဆင့်မြှင့်ပေးခြင်း၊ ကျေးလက်ကျန်းမာရေး အဆင့်အတန်း မြင့်မားလာအောင် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ဆောင်ရွက်ပေးနေကြောင်း၊ ပြည်နယ်၊ တိုင်းဒေသအားလုံး၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားစေချင်သည့် စေတနာအရင်းခံဖြင့် ယခုကဲ့သို့ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း” မိန့်ကြားခဲ့ပါသည်။

လမ်းညွှန်မှုများနှင့် ရည်မှန်းချက်များ ပြည့်မီနိုင်ရန်အတွက် ပစ္စည်း၊ လူ့စွမ်းအားစု၊ နည်းပညာရပ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်နေပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ကျန်းမာရေးအသုံးစရိတ် ၁၉၈၈ ခုနှစ်တွင် ကျပ် ၄၆၄ ဒသမ ၂ သန်း သုံးစွဲနေရာမှ ၂၀၀၇ ခုနှစ်တွင် ကျပ် ၄၈၀၁၇ ဒသမ ၃ သန်း သုံးစွဲသဖြင့် အဆ ၁၀၀ ကျော် တိုးတက်ခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ဆေးရုံများတွင် ဆေးပဒေသာပင်ရန်ပုံငွေများ စိုက်ထူခဲ့ရာ ယခုအချိန်၌ ကျပ် ၃၂၇၃ ဒသမ ၃၈ သန်း ရှိလာပြီ ဖြစ်ပါသည်။

ခဲ့ရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်း၊ ဖွံ့ဖြိုးရေး ဒေသကြီး ၂၄ ခု စီမံကိန်း စသည်ဖြင့် နိုင်ငံတော် စီမံကိန်းများတွင် ထည့်သွင်း၍ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်၊ မြို့နယ်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများ၊ မီးရထားလမ်းများ၊ မြစ်ကူး၊ ချောင်းကူး တံတားကြီးများ တည်ဆောက်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ခရီးပေါက်ခဲ့ပါသည်။ တောနှင့် မြို့



ကျန်းမာရေးအသုံးစရိတ် (၁၉၈၈ မှ ၂၀၀၇)

ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်ကျဉ်းမြောင်းပြီး မြန်မာပြည်တစ်ဝန်း ပြည်သူလူထုသည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် ဆေးရုံ၊ ဆေးပေးဌာနများနှင့် လက်တစ်ကမ်းအကွာ အဝေးသာ ရှိပါတော့သည်။ ဆည်များ၊ ရေတွင်း ရေကန်များတည်ဆောက်ခဲ့သဖြင့် ပတ်ဝန်းကျင်ရာသီ ဥတုများ မှန်ကန်ခြင်း၊ ရေဘေးကာကွယ်ခြင်း၊ ရေကောင်းရေသန့်ရရှိခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ရေမှကူးစက်သော ရောဂါများကိုလည်း ကာကွယ်နိုင်ခဲ့ပါသည်။

ယနေ့မျက်မှောက်ခေတ်တွင် ဖြစ်ပေါ်နေသော ကူးစက်မြန်ရောဂါများ၊ ရောဂါဆန်းများ၊ ဦးမော့လာသော ရောဂါဟောင်းများ မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါများအား ကာကွယ်ရာတွင်လည်းကောင်း၊ ကုသရာတွင် လည်းကောင်း၊ ပညာပေးရာတွင်လည်းကောင်း အထောက်အကူပြုရန် သုတေသနလုပ်ငန်းများသည် အရေးကြီးပါသည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆေးသုတေသန ပြုလုပ်သော ဆေးသုတေသန ဦးစီးဌာန တစ်ခုတည်း ရန်ကုန်မြို့၌ ရှိရာမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုပြုသည့်အတိုင်း နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် သုတေသနများကို တိုးတက်ပြုလုပ်ရန်နှင့် မှန်ကန်သော ယှဉ်ပြိုင်မှုဖြင့် လုပ်ငန်းတိုးတက်ရန်အတွက် ရန်ကုန်နှင့် အဆင့်တူ ဆေးသုတေသနဦးစီးဌာန(၂)ခုကို အထက်မြန်မာပြည် ပြင်ဦးလွင်မြို့နှင့် မြန်မာပြည် အလယ်ပိုင်းနေပြည်တော်တွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယင်းအပြင်အချိန်အခါနှင့် ပတ်ဝန်းကျင် အခြေအနေအရ လိုအပ်လာသော အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာနနှင့် အမျိုးသားသွေးသုတေသနဌာနတို့ကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

အထက်တွင် ဖော်ပြသကဲ့သို့ ဌာနများ၊ အဆောက်အအုံများ တိုးချဲ့ခဲ့ရာတွင် ယင်းတို့နှင့်လျော်ညီသော စက်ပစ္စည်းကိရိယာအသုံးအဆောင်များကိုလည်း နိုင်ငံတော်မှ စီမံချက်များ အဆင့်ဆင့်ချမှတ်၍ တပ်ဆင်ဖြည့်ဆည်း ပေးခဲ့ပါသည်။ ယင်းအပြင် နိုင်ငံတော်မှ အမျိုးသားပညာရည် မြင့်မားရေး စီမံချက်ဖြင့် နိုင်ငံခြားငွေ အမြောက်အမြား အကုန်အကျခံ ဖြည့်ဆည်းပေးခဲ့ပါသည်။

ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် တတ်ကျွမ်းသော ဆရာဝန်များ၊ သူနာပြု များ၊ ကျွမ်းကျင်သူ ဝန်ထမ်းများ လိုအပ်ပါသည်။ ထိုသို့ ပညာရှင်များ၊ ကျွမ်းကျင်သူများအား သင်ကြားမွေးထုတ်ရန်အတွက် တက္ကသိုလ်များ၊ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✯

တိုးတက်လာသော လူဦးရေနှင့် ထိရောက်သော ကုသမှုများ ပေးနိုင်ရန်အတွက် ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် မြို့နှင့်ကျေးလက် ကျန်းမာရေးကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကျန်းမာရေးအဆင့်မြှင့်ရန်နှင့် ကျေးလက်နေ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် နိုင်ငံတစ်ဝန်းတွင် ကျေးလက်ကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနများနှင့် ဒေသန္တရ ကျန်းမာရေးဌာနများ ဖွင့်လှစ်ပါသည်။

ဆေးရုံ–ဆေးခန်း ဖွံ့ဖြိုးတိုးတက်မှု

ဆေးရုံ–ဆေးခန်း	၁၉၈၈	၂၀၀၇	တိုးတက်မှု
ဆေးရုံ	၆၃၁	၈၃၉	၂၀၈
ဆေးရုံခုတင်	၂၅၃၀၉	၃၅၅၄၄	၁၀၂၃၉
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၆၈	၁၃၁
ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၆	၂၄
တိုင်းရင်းဆေးရုံ	၂	၁၄	၁၂
တိုင်းရင်းဆေးကုဌာန	၈၉	၂၃၇	၁၄၈

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်သည့်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ရန် ဆေးရုံ ၆၂ ရုံ၊ ဆေးခန်း ၁၀၆ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၆၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၈ ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ယနေ့မျက်မှောက်ခေတ်တွင်ဖြစ်ပေါ်နေသော ကူးစက်မြန်ရောဂါများ၊ ရောဂါဆန်းများ၊ ပြန်လည်ခေါင်းမော့လာသော ရောဂါများအားစမ်းသပ်ရှာဖွေကုသရန်အတွက် ခေတ်မီဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများ၊ ခွဲစိတ်ခန်းများ၊ ခွဲစိတ်ခန်းများ၊ အနီးကပ်ကြပ်မတ်ကုသမှု ပြုနိုင်ရန် အဆောက်အအုံများ လိုအပ်သဖြင့် နိုင်ငံတော်ကစီမံကိန်းများချမှတ်၍ ဖြည့်တင်းဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ်နှင့်တိုင်းများ၊ မြို့နယ်များရှိ ဆေးရုံများကို အဆင့်မြှင့်တင်ပေးခဲ့ရာ စုစုပေါင်း ဆေးရုံ ၁၆၇ ရုံကို အဆင့်မြှင့်ပေးနိုင်ခဲ့ပါသည်။ ထို့အတူ အဆင့်မြှင့်ခဲ့သည့် ဆေးရုံများတွင်လည်း အဆင့်နှင့်အညီ ခေတ်မီဆေးပစ္စည်းများနှင့် ခွဲစိတ်ကိရိယာများကို တပ်ဆင်ဖြည့်တင်းပေးခဲ့ပါသည်။

နိုင်ငံတော်က ကျန်းမာရေးနှင့် ပတ်သက်သော အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုလုပ်ငန်းများကို ဖြည့်ဆည်း

လူ့အင်အားဖွံ့ဖြိုးတိုးတက်မှု



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရောဂါရှာဖွေရေးဆေးခန်း အဆင့်မြှင့် ဆောင်ရွက်မှုဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရောဂါရှာဖွေရေးဆေးခန်းအဆင့်မြှင့်ဆောင်ရွက်မှု ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရောဂါရှာဖွေရေးဆေးခန်း အဆင့်မြှင့်ဆောင်ရွက်မှု ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရောဂါရှာဖွေရေးဆိုင်ရာ ပါရဂူများ၊ သားဖွားခန်းတာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က ရောဂါရှာဖွေရေးဆေးခန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရောဂါရှာဖွေရေး ဆေးခန်းအတွင်း လှည့်လည် ကြည့်ရှုကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရောဂါရှာဖွေရေးဆေးခန်းကို ၁၉၉၉ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် မိခင်မှကလေးသို့ HIV ပိုးကူးစက်ခြင်းမှ ကာကွယ်ခြင်း စီမံချက် ဆောင်ရွက်ရန် PMCT (Centre) ကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

၂၀၀၆ခုနှစ်တွင် Japan Grassroot Grant Assistance ၏ လှူဒါန်းမှုဖြင့် ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၄

မင်္ဂလာဗျူဟာ အသင်းချုပ်၏ (၅၁) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ အသင်းချုပ်ခန်းမတွင်ကျင်းပမည်ဖြစ်၍ အသင်းဝင်များ ဆွေးနွေးတင်ပြလိုသော အဆိုကိစ္စရပ်များကို အသင်းစည်းမျဉ်းနှင့်အညီ ဇန်နဝါရီ ၁၇ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ အတွင်းရေးမှူးထံ ပေးပို့ကြပါရန်နှင့် အစည်းအဝေးသို့ အသင်းသား၊ အသင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

နဝဒေးဥယျာဉ်အိမ်ရာ လှိုင်သာယာမြို့နယ်နေ မောင်ဇော်ဝင်းနိုင်-မသက်ထားအိတို့၏ မင်္ဂလာဦးအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က-ပ)

★ စာမျက်နှာ (၆) ဆောင်းပါးမှအဆက်

လိုအပ်လာသဖြင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ၁၉၉၈ခုနှစ်တွင် ဆေးဘက်ဆိုင်ရာ တက္ကသိုလ် ခြောက်ခုရှိရာမှ ၂၀၀၇ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ် အပါအဝင် ဆေးဘက်ဆိုင်ရာ တက္ကသိုလ် ၁၅ ခုအထိ တိုးချဲ့ခဲ့ပါသည်။ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းများအား ၂၆ ခုမှ ၄၆ ခုအထိ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

ဆေးကုသမှုပေးရန် ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှုပြုရန် ကျန်းမာရေးဌာနများ၊ ဆေးပညာသင်ကြားရန် တက္ကသိုလ်များ၊ ကျောင်းများကို တိုးချဲ့တည်ဆောက်နေသည့် တစ်ချိန်တည်းမှာပင် ဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်သူများအား လေ့ကျင့်သင်ကြားပေးခြင်း၊ မွေးထုတ်ပေးခြင်း၊ ခန့်ထားခြင်းများ ပြုလုပ်ခဲ့သည်။

လူအင်အားဖွံ့ဖြိုးတိုးတက်မှု

ပညာရှင်အမျိုးအစား	၁၉၈၈	၂၀၀၇	တိုးတက်မှု
ဆရာဝန်	၁၂၂၆၈	၂၆၅၉၁	၁၄၃၂၃
သွားဆရာဝန်	၈၅၇	၂၃၀၅	၁၅၅၂
သူနာပြု	၈၃၄၉	၂၁၇၈၁	၁၃၄၃၂
သွားသူနာပြု	၉၆	၁၆၅	၇၁
လက်ထောက်ကျန်းမာရေးမှူး	၁၂၃၈	၃၇၉၀	၂၅၅၂
ကျန်းမာရေးဆရာမ	၁၅၅၇	၃၅၂၃	၁၉၆၆
သားဖွားဆရာမ	၈၁၂၁	၂၀၂၈၇	၁၂၁၆၆
ကျွမ်းကျင်သူ	၄၉၀	၄၀၁၄	၃၅၂၄

ပြီးဆုံးခဲ့သည့် ဆယ်စုနှစ်အတွင်း အထက်ဖော်ပြပါအတိုင်း လူအင်အား တိုးတက်လာခဲ့ပါသည်။ ယခင်အချိန်များက ဆေးဘက်ဆိုင်ရာ ပါရဂူဘွဲ့များအား နိုင်ငံရပ်ခြားသွားရောက်ပြီး သင်ကြားခဲ့ရရာမှ ယခုအခါတွင် ပြည်တွင်း၌ပင် သင်ကြားရယူနိုင်သော အခွင့်အလမ်းများရရှိနေပြီ ဖြစ်ပါသည်။ ဆေးပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့ သင်တန်း ၃၇ ခု၊ မဟာဘွဲ့သင်တန်း ၂၉ ခုတို့ကို ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါသည်။

ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အဆင့်မြင့်ကျွမ်းကျင်မှုဆိုင်ရာ ဘွဲ့သင်တန်းများလည်း သင်ကြားပို့ချနိုင်ခဲ့ပါသည်။ သူနာပြုတက္ကသိုလ် (ရန်ကုန်)အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သူနာပြုပညာရပ်သင်ကြားရေးနှင့် လေ့ကျင့်ရေးပူးပေါင်းဆောင်ရွက်မှုဌာန (WHO Collaboration Center for Nurses Training) အဖြစ် အသိအမှတ်ပြုခြင်းကို ခံခဲ့ရပါသည်။

ဆေးဘက်ပညာရပ်ဆိုင်ရာ ဘွဲ့သင်တန်းများဖွင့်လှစ်ဆောင်ရွက်နေရာတွင် ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်တိုးတက်နေသော ဆေးပညာရပ်များအား သိရှိနိုင်ရန်အတွက် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာရပ်များအား အသုံးပြုပြီး အင်တာနက်ဆက်သွယ်ရေးစနစ်များတပ်ဆင်ခြင်း၊ အီလက်ထရွန်နစ် စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊ ကွန်ပျူတာ ကွန်ရက်စနစ်များတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အလုပ်ခွင်၌ရှိပြီးသော ဝန်ထမ်းများအားလည်း ပြောင်းလဲတိုးတက်နေသော အဆင့်မြင့်ပညာရပ်များကို ဆည်းပူးနိုင်ရန်အတွက် စဉ်ဆက်မပြတ် ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဆိုင်ရာအသုံးစရိတ်၊ အဆောက်အအုံ၊ ပစ္စည်းကိရိယာများနှင့် ကျွမ်းကျင်သူများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူ့ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်း၊ ကုသရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တရားပွဲနှင့် အလှူမင်္ဂလာသတင်းများ

အလောင်းတော် ကဿပအရှင်မြတ်အား ထမနဲနှင့် ဆီမီး ၉၀၀၀ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီးအား အကြိမ်(၄၀)မြောက် ထမနဲပွဲနှင့် ဆီမီး ၉၀၀၀ကပ်လှူပူဇော်ပွဲကို အလောင်းတော်ကဿပဝန်ဆောင်အဖွဲ့ နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနဦးဆောင်၍ တပို့တွဲလပြည့်နေ့တွင် အလောင်းတော်ကဿပ စံကျောင်းတော်၌ကျင်းပမည်ဖြစ်သည်။ လိုက်ပါကုသိုလ်ပြုဖူးမြော်လိုသူ ပါရမီရှင်များသည် ဝန်ဆောင်အဖွဲ့ အကျိုးဆောင် ဦးမောင်မောင်ဌေး-ဖုန်း-၂၂၆၀၂၄ နှင့် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ဖုန်း-၆၀၀၀၂၈ တို့သို့ ဖေဖော်ဝါရီ ၇ရက် နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကြာနီကန်ဦးရေဝတ (ဝါးခယ်မ)တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန် ဦးရေဝတ(ဝါးခယ်မ) ဆရာတော်သည် ဇန်နဝါရီ ၁၉ရက်တွင် ပဲခူးမြို့ ရွာသစ်ရပ်ကွက် တရားမဏ္ဍပ်၊ ၂၀ရက်တွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်(မြောက်) ဦးရွှေမှန်ဈေးတရားမဏ္ဍပ်၊ ၂၂၊၂၃၊၂၄ရက်များတွင် ဝါးခယ်မမြို့နယ် ကျွန်ကြားကျေးရွာ တရားမဏ္ဍပ်၊ ၂၅ရက်တွင် ဆိပ်ကြီးခနောင်တိုအရှေ့ ရှင်ဥပဂုတ္တပူဇော်ပွဲတရားမဏ္ဍပ်၊ ၂၆ရက်တွင် ကျောက်တန်းမြို့မ ကမ်းနားဈေးရှင်ဥပဂုတ္တပူဇော်ပွဲတရားမဏ္ဍပ်၊ ၂၇ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)ဦးစိုးနိုင်-ဒေါ်နီလာမြင့်နှင့်အဖွဲ့(၃၂)ရပ်ကွက် တရားမဏ္ဍပ်၊ ၂၈ရက်တွင် ပဲခူးဟံသာဝတီ ကျောက်တွင်းကုန်း တရားမဏ္ဍပ်၊ ၂၉ရက်တွင် မင်းဘူး မြို့လယ်တရားမဏ္ဍပ်၊ ၃၀ရက်တွင် ပဲခူး ဟံသာဝတီ ကျောက်တွင်းကုန်းတရားမဏ္ဍပ်၊ ဖေဖော်ဝါရီ ၁ရက်တွင် တာမွေ (၁၅၇)လမ်းကြီးပွားရေးဓမ္မာရုံတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၀၁-၅၅၈၂၉၇၊ ၀၉-၅၀၃၃၅၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အာယုဒီဃ ပျိုးဥယျာဉ်စာသင်တိုက် သိက္ခာထပ်၊ ရဟန်းခံရှင်ပြုမင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အာယုဒီဃ ပျိုးဥယျာဉ်စာသင်တိုက် ပဓာနနာယကဆရာတော် (ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တအရိယဝံသအား သိက္ခာထပ်မင်္ဂလာ၊ ရဟန်းလောင်း ငါးပါးအား ရဟန်းဘောင်သို့ ချီးမြှင့်ခြင်းမင်္ဂလာနှင့် တိုင်းရင်းသားသာမဏေ ၅၄ပါးတို့အား ရှင်သာမဏေအဖြစ်ချီးမြှင့်ခြင်း အလှူတော်မင်္ဂလာတို့ကို ဇန်နဝါရီ ၁၃ ရက်က အဆိုပါစာသင်တိုက်၌ကျင်းပရာ သုဝဏ္ဏမြို့ ပန်းဝါလမ်းနေ တေးသံရှင် ကြာညိုသွယ် မိသားစုနှင့် ဦးအောင်မြင့်ထွန်း-ဒေါ်မိုးစန္ဒာအောင် မိသားစုတို့က ဆွမ်းဆန်အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ (၅၃၂)

ရွှေမန်းဦးသောဘိတ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်း ညောင်တုန်းမြို့ သမိုင်းဝင်ဥသျှစ်လှဘုရား၌ ကန်ဦးကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံကျော်ဓမ္မကထိက ရွှေမန်း ဦးသောဘိတသည် ဇန်နဝါရီ ၁၆ရက်၊ ၁၇ရက်နှင့် ၁၈ရက် ညတို့တွင် ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၈ (အင်္ဂါနေ့)

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၅ ၆။ အဆိုပြိုင်ပွဲ

၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ

၈:၂၀ ၈။ ဖြူးချောင်းတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let's Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Every day Use.

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒအထူးပြုများ)(ဓာတုဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၁၅ ၆။ ခံစားနားဆင်တေးဇာတ်ဝင်

၅:၂၅ ၇။ ဆိုကြမယ်၊ပျော်ကြမယ်

၆:၀၀ ၈။ ညနေခင်းသတင်း

၆:၃၀ ၉။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၀။ သတစုံလင်ရွှေဉာဏ်ရှင်

၆:၅၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေချစ်သက်တည်" (အပိုင်း-၁၅)**

၈:၀၀ ၁၂။ ပြည်တွင်းသတင်း

၁၃။ နိုင်ငံတကာသတင်းများ

၁၄။ မိုးလေဝသအခြေအနေ

၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်"(အပိုင်း-၁၇)**

၁၆။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

၁၇။ နောက်တစ်နေ့အစီအစဉ်

၁၈။ အစီအစဉ်ပြီး၏။

✧ **ကျောဖုံးမှ**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ကြယ်စင်သက်သေ ဗီဒီယိုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **"ကြယ်စင်သက်သေ"** ဂုဏ်ပြုဇာတ်လမ်းကို ပြသခဲ့ရာ ပြည်သူအားလုံးက နှစ်ခြိုက်အသိအမှတ်ပြု အားပေးခဲ့ကြသည်ကိုတွေ့ရကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ စာပေလောကတို့မှ အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စေတနာနှင့် တက်ညီလက်ညီ၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့်ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့မှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း။

ဤဇာတ်ကားဖြစ်မြောက်အောင်မြင်ရေးအတွက် ပါဝင်ခဲ့ကြသော အနုပညာရှင်များသည် ကျရာအခန်းကဏ္ဍအသီးသီးမှ တက်ညီလက်ညီ ပါဝင်ကူညီခဲ့ကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ဤဇာတ်ကားကြီးအား ကောင်းသည်ထက်ကောင်းအောင် ဝိုင်းဝန်း ပံ့ပိုးကူညီခဲ့ကြမှုကိုလည်း ကျေနပ်အားရမိပါကြောင်း။

မီဒီယာ၏စွမ်းပကားသည်မျိုးဆက်သစ်လူငယ်များကို လမ်းမှန်ရောက်အောင် စွမ်းဆောင်နိုင်သကဲ့သို့ လမ်းမှားကို ဆိုးရွားစွာ ရောက်အောင်လည်း စွမ်းဆောင်နိုင်ကြောင်း၊ အလားတူ နိုင်ငံ တစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်ကိုလည်း ကိုလိုနီလက်သစ် ဩဇာခံ နိုင်ငံဘဝသို့ ရောက်အောင် စွမ်းဆောင်ပေးနိုင်ကြောင်း။

ထို့ကြောင့် နိုင်ငံသားအားလုံးသည် ဤမြေမှာနေ ဤရေကိုသောက်ပြီး ကြီးပြင်းလာကြသူများပီပီ မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူစောင့်ထိန်းကြရန်လိုကြောင်း၊ နိဂုံးချုပ်အနေဖြင့် ရုပ်ရှင်၊ ဂီတ၊ စာပေအနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် အမျိုးသားရေးတာဝန်များကို ယခုကဲ့သို့ပင် နောက်နောင်လည်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆက်လက် ပါဝင်ထမ်းဆောင်နိုင်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် **"ကြယ်စင်သက်သေ"** ဂုဏ်ပြု ဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသောအနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြု ဆုငွေများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒါရိုက်တာ မလိခစိုးထိုက်အောင်၊ ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်း၊ ဝတ္ထု မစန္ဒာ (ဒေါ်ချိုချိုတင်)၊ သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီရန်အောင်၊ အကယ်ဒမီလွင်မိုး၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ မေသဉ္ဇာဦးနှင့် အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့အားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သရုပ်ဆောင်များဖြစ်ကြသည့် နေတိုး၊ ထွန်းထွန်း၊ စိုးမိုးကြည်၊ ဘုန်းသျှန်၊ ဟိန်းဝေယံ၊ သဇင်နှင့် ဆန်းထွဋ်တို့အားလည်းကောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သရုပ်ဆောင်များဖြစ်ကြသော ကေတုမတီ မျိုးအောင်၊ စိုးရတနာနှင့် ဒေါ်အိအိစိုး၊ တေးရေးသူ စိုးလင်း၊ တေးသံရှင်များ ဖြစ်ကြသည့် L လွန်းဝါ၊ ဟဲလေး၊ ဒီယံနှင့် ဒွေးမြန်မာ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဌေးဝင်းတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က **"ကြယ်စင်သက်သေ"** ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်နှင့် အတတ်ပညာရှင်များအား ငွေကျပ်သိန်း ၃၀ ကို ဂုဏ်ပြုချီးမြှင့်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက လက်ခံသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ရုပ်ရှင်၊ ဗီဒီယိုအနုပညာရှင် အတတ်ပညာရှင်များ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို တွဲဖက်ဒါရိုက်တာ မင်းမင်းအားလည်းကောင်း၊ ဧည့်ခံ ဖျော်ဖြေသော ကရဝိက်နန်းတော် မြန်မာဆိုင်းဝိုင်းအတွက် ဂုဏ်ပြုဆုငွေများကိုအဖွဲ့ခေါင်းဆောင်အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် **"ကြယ်စင်သက်သေ"** ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား **"ကြယ်စင်သက်သေ"** ဂုဏ်ပြုဇာတ်လမ်းရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီ မလိခစိုးထိုက်အောင်က ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဌာနဆိုင်ရာအကြီးအကဲများသည် တက်ရောက်လာကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း "ကြယ်စင်သက်သေ" ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့သည့် သရုပ်ဆောင် အကယ်ဒမီအိန္ဒြာကျော်ဇင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် "ကြယ်စင်သက်သေ" ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့သည့် သရုပ်ဆောင် ထွန်းထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် စာပေဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၄

နှင်းဆီကုန်းဘိုးဘွားရိပ်သာတည်ထောင်သည့် ၇၅နှစ်မြောက် စိန်ရတုစာပေဟောပြောပွဲကိုဇန်နဝါရီ ၁၂ရက် (စနေနေ့)နံနက် ၁၁နာရီခွဲတွင် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် ဦးသောင်းထွဋ်(ပါမောက္ခ-ငြိမ်း)က သဘာပတိအဖြစ် ဆောင်ရွက်၍ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (အငြိမ်းစား)က အမှာစကားပြောကြားသည်။

အဆိုပါဟောပြောပွဲတွင်အမျိုးသားစာပေဆုရ စာရေးဆရာ၊ ကဗျာဆရာကြီး ဒေါက်တာ ထီလာစစ်သူက ဘွားဦးဖွန်း၊ သံမဏိစိတ်ဓာတ်ပိုင်ရှင် (ခရစ်နှစ် ၁၈၆၈-၁၉၄၄)၊ မာသာထရီဆာ၊ သူတော်စင်မေတ္တာရှင်၊ စေတနာရှင် (ခရစ်နှစ် ၁၉၁၀-၁၉၉၇ ခုနှစ်)၊ ဒေါက်တာ အယ်လ်ဘတ်ရိုက်ဇာ (ခရစ်နှစ် ၁၈၇၅-၁၉၆၅နှစ်)၊ မဟာလူသား ဒေါက်တာနော်မန်ဗက်သွန်း (ခရစ်နှစ် ၁၈၉၀-၁၉၃၉ခုနှစ်)နှလုံးလှ ဆရာဝန်အကြောင်း၊ မဟာပရဟိတ ပုဂ္ဂိုလ်ကျော်ငါးဦးအကြောင်း ဟောပြောသည်။

ထို့နောက် အမျိုးသားစာပေဆုရ စာရေးဆရာကြီးတက္ကသိုလ်စိန်တင်က ဘွားဦးဖွန်းတည်ထောင်ခဲ့သောဘိုးဘွားရိပ်သာများသို့သွားရောက်ခဲ့ပုံတို့ကိုလည်းကောင်း၊ အမျိုးသား စာပေဆုရ ဒေါက်တာမတင်ဝင်းက သတိုးသီရိသုဓမ္မ မြန်မာ့အလင်း ဦးတင်အတ္ထုပ္ပတ္တိကိုလည်းကောင်း ဟောပြောကြသည်။

စာပေဟောပြောပွဲသို့ ပညာရေးပညာရှင် ဦးသန်းဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့)၊ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)(အမျိုးသားစာပေဆုရ မှူးသမိန်)၊အမျိုးသားစာပေဆုရ ညွန့်ဝေ(ကသာ)၊ ကဗျာဆရာကြီး တစ်သက်တာ စာပေဆုရ ဆရာကြီးဦးဌေးမောင်၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ ကဗျာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ ဆရာ၊ ဆရာမများ၊ အငြိမ်းစား သံအမတ်ကြီး ဦးလှမောင်၊ (အငြိမ်းစား) သံအမတ်ကြီးဦးဖေသိန်းတင်၊ (အငြိမ်းစား) တပ်မတော် အရာရှိများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အဖော်မဲ့ခရီးသည်"တရားတော် (ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ)
၇း၄၀-၁း၄၀	"သူတော်ကောင်းကြီးများ၏လောကကို အလှဆင်ခြင်းတရား" [ဒေါက်တာချစ်ငယ်(ဒဿန)Ph.D]
၈း၁၀-၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅-၂း၁၅	Sunday Talk
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	Biz Net
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	သိမှတ်ဖွယ်ရာတူးမြောင်းနည်းဥပဒေသများ
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး(ဂရိတ်ဖရုပင်စိုက်ပျိုးနည်း)
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	ကြည့်ညိုပူဇော်ဗုဒ္ဓပူဇနိယပွဲတော်(တွံတေးရွှေဆံတော်)
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	သိစေချင်သည် ICT "SM³ Software အကြောင်းသိကောင်းစရာ
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	နှစ်စဉ်နွှဲပျော်ရေထွက်ပစ္စည်းဈေးပွဲတော်
၁၂း၃၅-၆း၃၅	Music Gallery "မြင်းမိုရ်ထက်မြင့်သောမိသားစုရုပ်ရှင်ဇာတ်ဝင်တေးများ"
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup Round-3 ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Liverpool-Luton	ESPN(Live)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၆၂)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း (အပိုင်း-၂၄)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲသတင်းများ

ဒေးဗစ်ဘက်ဟမ်းအားခေါ်ယူရန် အာဆင်နယ်မန်နေဂျာကြိုးပမ်းခဲ့

လန်ဒန် ဇန်နဝါရီ ၁၄

မိမိသည် ၂၀၀၄ ခုနှစ်က ဒေးဗစ်ဘက်ဟမ်းအား ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူး ကြောင်း အာဆင်နယ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးက ယနေ့ ထုတ်ဖော်ပြောကြားသည်။

အင်္ဂလန်လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်ဟောင်း ဘက်ဟမ်းသည် ၂၀၀၃ခုနှစ် နွေရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ရီးယဲလ်မဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။

ဘက်ဟမ်းသည် စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ၎င်း၏ ပထမဘောလုံးရာသီအတွင်း အခက်အခဲများနှင့် ရင်ဆိုင်နေရချိန်၌ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲသို့ ပြန်လာရန် ၎င်း၏ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။ **အင်တာနက်**

ကလင်းစမန်းနှင့် ဆွေးနွေးခဲ့ လီဗာပူးအသင်း ထုတ်ဖော်ပြောကြား

လန်ဒန် ဇန်နဝါရီ ၁၄

လီဗာပူးအသင်း၏ မန်နေဂျာရာထူးတာဝန်ကို ရာဖေးဘန်နီတက်ဇ်ထံမှ ဂျာဂျင်ကလင်းစမန်းလွှဲပြောင်း ရယူရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ယင်းအသင်း၏ ပူးတွဲပိုင်ရှင် တမ်ဟစ်က ယနေ့ ထုတ်ဖော်ပြောကြားသည်။

ဘန်နီတက်ဇ်သည် တမ်ဟစ်၏ ပြောကြားချက်ကြောင့် စိတ်ပျက်ဖွယ်ရှိသည်။ လီဗာပူးအသင်းသည် လက်ရှိဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲအတွက်ရော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲအတွက်ပါ လူးလွန့်ရုန်းကန်နေရသဖြင့် မန်နေဂျာ ဘန်နီတက်ဇ်မှာ အသင်းပိုင်ရှင်များ၏ ဖိအားပေးမှုနှင့် တွေ့ကြုံနေရသည်။

သို့ရာတွင် ကလင်းစမန်းသည် လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်၌ ဘေယန်မြူးနစ်အသင်းကို တာဝန်ယူမည်ဖြစ်ကြောင်း တမ်ဟစ်က ပြောကြားသည်။ **အင်တာနက်**

ချယ်လ်ဆီး အသင်း၏ တိုက်စစ်မှူးသစ် နီကို လပ်စ် အနယ်ကာ။
(ဓာတ်ပုံ- အင်တာနက်)

ဒရော့ဘာနှင့် တိုက်စစ်အတွဲမိရေး တိုက်စစ်မှူးသစ်အနယ်ကာ မျှော်မှန်း

လန်ဒန် ဇန်နဝါရီ ၁၄

မိမိသည် ဒစ်ဒီယာဒရော့ဘာနှင့်အတူ တိုက်စစ်ကိုအတွဲမိမိ ကစားသွားလိုကြောင်း ချယ်လ်ဆီးအသင်း၏ တိုက်စစ်မှူးသစ်နီကိုလပ်စ်အနယ်ကာက ယနေ့ပြောကြားသည်။

မိမိသည် အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာနှင့် အချိတ်အဆက်မိမိ ကစားသွားလိုကြောင်း၊ ဒရော့ဘာသည် ထိပ်တန်းဘောလုံးသမားတစ်ဦးဖြစ်ပြီး ၎င်း၏ ကစားကွက်များကို မိမိသိရှိကြောင်း၊ မိမိသည် ကြံ့ရည်ဖန်ရည်ရှိသည့် ဘောလုံးသမားဖြစ်သဖြင့် ဒရော့ဘာနှင့် အပေးအယူမှန်ကန်စွာ အတူယှဉ်တွဲ ကစားနိုင်မည်ဖြစ်ကြောင်း အနယ်ကာက ပြောကြားသည်။ **အင်တာနက်**

တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။
(သတင်းစဉ်)

တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ်အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အထူးဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ-နိုင်ငံခြား သတင်းထောက်အသင်းမှ အသင်းဝင် သတင်းထောက်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMCA) တွင် ကျင်းပ ပြီးစီးခဲ့သည့် အာဆီယံအစည်းအဝေးများက ဆုံးဖြတ်ချက်များကို ပြန်လည် သုံးသပ်ခြင်း အစီအစဉ်အရ ၂၀၀၇ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာ မြို့၌ရှိသည့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာဆီယံလူမှုအသိုက်အဝန်း ပူးပေါင်းဆောင်ရွက်ရေးညီလာခံမှ ဆုံးဖြတ်ချက်များ၊ ၂၀၀၇ ခုနှစ် ဇွန် ၈ရက်မှ ၁၀ရက်အထိ မလေးရှားနိုင်ငံ ကွမ်တန်မြို့၌ ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေးမှ ဆုံးဖြတ်ချက်များ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ရက်မှ ၂၁ ရက်အထိ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှု ဆပ်ကော်မတီ အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း။

ဆက်လက်၍ ကျင်းပပြီးစီးခဲ့သည့် SOMCA လုပ်ငန်းကော်မတီများ၏ ပထမအကြိမ် အစည်းအဝေးများမှ အစီရင်ခံတင်ပြချက်များနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ဆွေးနွေးကြရာတွင် ၂၀၀၇ခုနှစ် မတ် ၇ရက်မှ ၈ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့၌ကျင်းပပြီးစီးခဲ့သည့်ယဉ်ကျေးမှုဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေး၊ ၂၀၀၇ခုနှစ်မေ ၃၁ရက်တွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ ကျင်းပခဲ့သည့် အာဆီယံယဉ်ကျေးမှု အမွေအနှစ်များ ကွန်ရက်ဆိုင်ရာ လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေး၊ ၂၀၀၇ခုနှစ် ဩဂုတ် ၇ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် အာဆီယံ အသေးစားနှင့် အလတ်စား လက်မှုအနုပညာဆိုင်ရာ လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးသည် လုပ်ငန်းကော်မတီ(၃)ရပ်၏ အစီရင်ခံတင်ပြချက်များ၊ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း။

ထို့နောက် အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ဆဋ္ဌမအကြိမ်မြောက် SOMCA အစည်းအဝေးကို ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ ၂၀၁၀ပြည့်နှစ် ဇန်နဝါရီတွင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံ၌ ဇန်နဝါရီ ၁၁ရက်တွင် ယခုကျင်းပခဲ့သည့် အာဆီယံ+၃ SOMCA အစည်းအဝေး၌ ၂၀၀၇ ခုနှစ် မေ ၃၁ရက်တွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ကျင်းပခဲ့သည့်အာဆီယံ+၃ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး ကွန်ရက် အစည်းအဝေးမှ အစီရင်ခံတင်ပြချက်များကို ဝိုင်းဝန်း သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း၊ ဆက်လက်၍ အာဆီယံနှင့်တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ အပေါင်းသုံးနိုင်ငံများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းကြပြီး စတုတ္ထအကြိမ်မြောက် အာဆီယံ+၃ SOMCA အစည်းအဝေးကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ ကျင်းပရန်ဆုံးဖြတ်ခဲ့ကြကြောင်း။

ဇန်နဝါရီ ၁၂ရက်တွင် ကျင်းပသည့် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာ ဝန်ကြီးများ အစည်းအဝေးမှ အာဆီယံ AMCA ဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့၏ အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ရန် ကြေညာချက်များ (Press Statement)ကို ထုတ်ပြန်ခြင်း၊ ပဉ္စမအကြိမ်မြောက် အာဆီယံ SOMCA အစည်းအဝေး တင်ပြချက်များ၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် အာဆီယံ SOMCA အစည်းအဝေးမှ တင်ပြချက်များကို ဆွေးနွေးခြင်း၊ အာဆီယံ+၃ နိုင်ငံများ အတွင်းမှ ယဉ်ကျေးမှု ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး စတုတ္ထအကြိမ်မြောက် အာဆီယံ+၃ AMCA အစည်းအဝေးကို ကျင်းပမည့်အချိန်နှင့် နေရာတို့ကို သတ်မှတ်ဆုံးဖြတ်ခဲ့ကြကြောင်း။

အလားတူ ဇန်နဝါရီ ၁၃ရက်တွင် ကျင်းပခဲ့သည့် အာဆီယံ+၃နိုင်ငံများ၏ AMCA +၃ အစည်းအဝေးတွင်သဘာပတိနှင့်တကွ အာဆီယံ+၃ နိုင်ငံများက ယခုကျင်းပမည့် အစည်းအဝေးနှင့်စပ်လျဉ်းသည့် ကြေညာချက်များ (Press Statement) ကို တင်ပြခဲ့ကြပြီး SOMCA +၃ အစည်းအဝေးမှ အစီရင်ခံ တင်ပြချက်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း၊ ဆက်လက်ပြီး စတုတ္ထအကြိမ်မြောက် AMCA+၃ အစည်းအဝေးကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ တတိယပတ်နှင့် စတုတ္ထပတ် အတွင်းတွင် ဖိလစ်ပိုင် သမ္မတနိုင်ငံ စီဘူးမြို့၌ လက်ခံကျင်းပရန် သဘောတူ ဆုံးဖြတ်ခဲ့ကြကြောင်းနှင့် ယခုကျင်းပသည့် SOMCA+၃ နှင့် AMCA+၃ အစည်းအဝေးများနှင့် စပ်လျဉ်းပြီး ထပ်မံသိလိုသည်များ ရှိပါက မေးမြန်းနိုင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော သတင်းထောက်များက သိလိုသည်များကို မေးမြန်းကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ နှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းပြောကြားကြပြီး သတင်းစာရှင်းလင်းပွဲ ကို ရုပ်သိမ်းလိုက်သည်။

သတင်းစာရှင်းလင်းပွဲ အပြီးတွင် အာဆီယံနှင့် အာဆီယံ+၃နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြရာဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးကြပ်၍ မြန်မာဂေါက်သီးရိုက်အသင်းက ကြီးမှူးကျင်း ပသော ၂၀၀၇ခုနှစ် အဋ္ဌမအကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း ကိုးမိုင်၌ ကျင်းပရာ ဆုချီးမြှင့်ပွဲအပြီးတွင်ဆုရရှိကြသော မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်သမားများအား တွေ့ရစဉ်။ (ကြေးမုံ)

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း၊ အသက်(၃၅)နှစ်နှင့်အထက်၊ အသက်(၄၅)နှစ်နှင့်အထက်၊ အသက်(၅၅)နှစ်နှင့်အထက်၊ အသက်(၆၀)နှင့်အထက် (တစ်ဦးချင်း)ပြိုင်ပွဲ၊ (နှစ်ယောက်တွဲ) ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

သို့ဖြစ်၍ ပြိုင်ပွဲဝင် အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဇန်နဝါရီ ၁၉ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)'ဝ'ဒေသ တာကော်အက်-မိုင်းပတ်-ပန်ဆန်း ကတ္တရာလမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေကြသည့် တာဝန်ခံအင်ဂျင်နီယာများ၊ ဒေသခံလုပ်သားများနှင့် ရင်းရင်း နှီးနှီး တွေ့ဆုံ၍ ကျောက်ထုတ်လုပ်စုဆောင်းထားရှိမှု၊ ကျောက်ကြိတ်ခွဲမှု၊ လမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရေး၊ လမ်းဘေးရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရေးတို့ကို အသေးစိတ်မှာကြားပြီး လမ်းကြောင်းတစ်လျှောက် လမ်းအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နယ်စပ်ဒေသ ကျောင်းများဖြစ်သည့် မန်မန်ဆိုင်ကျေးရွာ မူလတန်းကျောင်း၊ ဝိန်းကောင်ကျေးရွာ အထက်တန်းကျောင်းခွဲများသို့သွားရောက်၍ ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်ပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ညပိုင်းတွင် 'ဝ'အထူးဒေသ(၂) ပန်ဆန်းမြို့၌ ဒေသတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ ဝိန်းကောင်အထက်တန်းကျောင်းခွဲ၌ ဒသမတန်း အထူးထုတ်စာအုပ်များ ပေးအပ်စဉ်။ (နယ်စပ်/စည်ပင်)

ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်း(ပန်ဆန်း)၌ သင်ကြားလေ့ကျင့်ပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နမ့်မလင်းဆူ ကျေးရွာအနီးရှိ ကျောက်မိုင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင်ညွှန်ကြားရေးမှူးချုပ်သည် တန့်ယန်းမြို့ ဝေဠုဝန်စာသင်တိုက်သို့ သွားရောက်၍ 'ဝ'ဒေသ ဗုဒ္ဓသာသနာ ပြန့်ပွားရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းတွင် လားရှိုးမြို့၌ ဆောက်လုပ်လျက်ရှိသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း နှစ်ထပ်အိပ်ဆောင်နှင့် စားရိပ်သာ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး သတ်မှတ် စံချိန်စံညွှန်းများအတိုင်း သတ်မှတ်ကာလအတွင်း တည်ဆောက်ရေး မှာကြားညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် ဆောင်းတန်းတော်တည်ဆောက်ရေးငွေလှူ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက် ဆောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်း မြို့နယ် သမိုင်းလမ်းဆုံ ယမုံနာ ဓာတ်ပုံ တိုက်နေ ဦးအေးကို-ဒေါ်ရွှေမြင့်တို့၏ မြေး မောင်တင့်နိုင်လွင် (ခ) မောင် ရဲမြတ်အောင် မွေးနေ့ အလှူငွေ ကျပ် ၃၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးသိန်းစိုးနှင့် ဦးအုန်းကြိုင်တို့က လက်ခံရယူကြသည်။

စေတီတော်ကြီးအတွက် လှူဒါန်းလိုသူများသည် ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဇန်နဝါရီ ၃ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၏၂၀၀၈ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် (၂၃)နှစ် ဆက်တိုက် ခွင့်ရက်မယူခဲ့သော အလယ်တန်းပြ ဆရာမ ဒေါ်တင်မာဆွေအား မရမ်းကုန်းမြို့နယ် ပညာရေးမှူး ဦးတင့်လွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)

ဒေါပုံမြို့နယ် အမက (၇) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ခွင့်မယူသော ဆရာမ ဒေါ်ကျင်လှအား ကျောင်းအုပ်ဆရာကြီး ဦးအုန်းသန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း၏ (၁၄)ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Towerမင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးပေါဟိန်းက အမှာစကားပြောကြားပြီး ဟောပြောပွဲ ကြီးကြပ်သူ ဒေါက်တာ စိန်မြင့်က ဟောပြောပွဲ စာတမ်းဖတ်ကြားမည့်သူများနှင့် မိတ်ဆက်ပေးသည်။

ဟောပြော

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အကြံပေး ပုဂ္ဂိုလ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း နာယက ဒေါက်တာ ကျော်တင့်က စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ စာတမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက Challenges and Perspective for the future development of SMES in Myanmar စာတမ်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ပြန်ပြည့်မြဲစွမ်းအင်အဖွဲ့ အလုပ်အမှုဆောင် ဦးထွန်းနိုင်အောင် (ဥက္ကဋ္ဌ KKS Co., Ltd)က Why We need Consultant စာတမ်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်ဝင်းက မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ်မှု အခန်းကဏ္ဍအတွက် အရည်အသွေး စီမံခန့်ခွဲမှု စာတမ်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးဌာန အင်ဂျင်နီယာချုပ် ဦးနီပေါကဇီဝလောင်စာဆီ ထုတ်လုပ်ကုန်သွယ်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းတို့ကို ဟောပြောကြသည်။

ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ဟောပြောပွဲ ကြီးကြပ်သူ ဒေါက်တာ စိန်မြင့်နှင့် စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကလေးနှင့် မိခင် ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တာချီလိတ်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မိခင်ပြိုင်ပွဲ၌ ပထမဆု ရရှိသော နန်းအေးအေးမြင့်နှင့် သမီး နန်းသီရိပြည့်စုံတို့အား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သန်းရွှေ ဆုချီးမြှင့်စဉ်။

(က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁၀) အခြေခံပညာမူလတန်း ကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မိဘ ဆရာ ကျောင်းသားစုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာပထမတန်း၌ ဘာသာစုံ ထူးချွန်ဆုရ မောင် ကောင်းဝေယံလှိုင် အား ကျောင်းအုပ်ဆရာကြီး ဦးလှမြင့် ဘက်စုံထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။(ပညာရေး)

မိုင်းယောင်းမြို့အတွင်း မြို့အင်္ဂါရပ်နှင့်အညီ မြို့ဝင်မြို့ထွက် မုခ်ဦးများ အမြဲသစ်လွင်တောက်ပနေစေရေး၊ သာယာလှပစိမ်းလန်းစိုပြည်နေစေရေးအတွက် ဆေးသုတ်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၈) ဖြင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မိမိလှိုင်** (MOE HEIN CO., LTD) အား **"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်"** ချီးမြှင့်ခြင်းခံရသည့်အတွက် သူငယ်ချင်းများက လှိုက်လှိုက်လှဲလှဲ အထူးဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Y.I.E.C မှ **ချစ်သူငယ်ချင်းများ-**

ဒေါ်သက်သက်နိုင်	ဒေါ်ခင်ဝင်းမြင့်
ဒေါ်မို့မို့ခမ်း	ဒေါ်မြချစ်သူဇာ
ဒေါ်မေရတနာခင်	ဒေါ်မြတ်မြတ်မော်
ဒေါက်တာမေမိုးနွယ်	ဒေါ်ခင်ခင်သိန်း
ဒေါ်ခင်မြတ်ဆွေ	ဒေါ်အေးနွေးနွေးချော
ဒေါ်မြတ်မြတ်သီ	ဒေါ်နွဲ့နွဲ့ဝင်း
ဒေါ်လွင်နှင်းနှင်း	ဒေါ်လှကြိုင်

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပဲခူးတိုင်း၊ ကညွတ်ကွင်းမြို့နေ **ဦးအောင်မြင့် (ကုန်သည်) (ရွှေမေတ္တာဆန်စက်)** အား ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် ထုတ်ပြန်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈) ဖြင့် **လူမှုထူးချွန်တံဆိပ် (တတိယဆင့်)** ချီးမြှင့်ခံရခြင်းအတွက်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးစံမြင့်	**- ဒေါ်ဝင်းဝင်းမြင့်**	**ဦးကံစိန်**	**- ဒေါ်ချို**
ဦးမောင်တင့်	**- ဒေါ်စောမြ**	**ဦးညွန့်ဝင်း**	**- ဒေါ်ခင်ဝင်း**
ဦးထိန်လင်း	**- ဒေါ်မြင့်ကြည်**	**ဦးသန်းစိုး**	**- ဒေါ်ခင်ရွေး**
		ဦးကျော်စိုးမိုး	**- ဒေါ်ခိုင်ခိုင်မြင့်**

လောကနတ်အမွေးတိုင်နှင့်စပ်လျဉ်းပြီးသတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၇လမ်း၊ အမှတ်(၄၄) နေ ဦးဇော်ဝင်း (TME-၀၃၃၆၉၁)၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လောကနတ်နံ့သာငါးပါးအမွေးတိုင်လုပ်ငန်းအတွက် အမည်နှင့်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၁၉၈၃ ခုနှစ် မှတ်ပုံတင် စာချုပ်အမှတ်-၂၉၀ဖြင့် ဦးမိုဟီဒင်းပီချေးက တစ်ဦးတည်းမူပိုင်အဖြစ် ချုပ်ဆိုမှတ်ပုံတင်ထားခဲ့သည်။

ထို့နောက် ယင်းလောကနတ် မူပိုင်ခွင့်နှင့်အမည်ကောင်းကို ဦးဇော်ဝင်း (TME-၀၃၃၆၉၁) က ဦးမိုဟီဒင်းပီချေးထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါ လောကနတ် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အမွှေးတိုင်အမျိုးမျိုးကို အရွယ်အစားအမျိုးမျိုး၊ ပလတ်စတစ် တံဆိပ်အိတ်၊ စက္ကူစာတန်းတံဆိပ် အမျိုးမျိုးတို့တွင် ခတ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ ထုတ်လုပ်ပြီး ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ လောကနတ်အမည်တံဆိပ်ကို ဦးဇော်ဝင်း၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ဆင်တူယိုးမှားတစ်နည်းနည်းဖြင့် တုပပြုလုပ်၍ ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ထုတ်လုပ်ဖြန့် ဖြူးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်းများကို မပြုလုပ်ကြရန်သတိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးသိန်းထိုက် (LL.B)	**ဦးစံမြင့် (B.A.R.L)**
အထက်တန်းရှေ့နေ	**တရားရုံးချုပ်ရှေ့နေ**
	အမှတ်(၃၂)၊ သီရိမာလာလမ်း၊ (ခ)ရပ်ကွက်၊
	သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
	၀၁-၅၆၅၂၉၂၊ ၀၉၅၁၂-၈၆၇၀

ရုံး - အမှတ်(၅၈/၆၀)ပ-ထပ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

၂၀၀၇ ခုနှစ် ပုလောမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	**၁၃၆၉ ခု ပြာသိုလပြည့်ကျော် (၄)ရက်** **၂၆-၁-၂၀၀၈ (စနေနေ့)**
အချိန်	**နံနက် ၈း၃၀ နာရီ**
နေရာ	**ဟိုတယ်နှင့်ခရီးသွားလာရေး(စား/ဖျော်)မွှာရုံ** **ရွှေတိဂုံအရှေ့ဘက်မုခ်၊ အလယ်ပစ္စယံ၊ အာဇာနည်လမ်း။**

*** ပုလောမုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပြီး ကံစမ်းမဲအစီအစဉ် ပါရှိပါမည်။**

အမှုဆောင်အဖွဲ့
ပုလောမြို့နယ်အသင်း(ရန်ကုန်)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် """**ဦးဝင်းမောင်(မြဘုရင်နို့ချက် စက်ရုံ)**""""၊ ရဲစုရပ်၊ ကျောက်ဆည်မြို့ မန္တလေးတိုင်းအား """"**သုဓမ္မမဏိ ဇောတဓရ**"""" ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ရန်ကုန်လမ်းညွှန် ၊ မန္တလေးလမ်းညွှန် မိသားစု။

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၈) ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်) မိဘရိပ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ၊ မိဘရိပ်သစ်စက်လုပ်ငန်းရှင်ဦးနိုင်ဦး** အား **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသည့်အတွက် မြတ်ဗုဒ္ဓသာသနာတော်အကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် လှိုက်လှိုက်လှဲလှဲ အထူးဂုဏ်ယူဝမ်းမြောက်၍ မိသားစုအားလုံး အစဉ်ထာဝရ ချမ်းမြေ့ကြပါစေ။

သထုံမြို့နယ်၊ ဝင်းပကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီနှင့်ရွာသူ၊ ရွာသားများ

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးအောင်တင်)-ဒေါ်ငြိမ်းတို့၏ သား

မောင်မောင်အေး

B.Sc (Physics),A.G.T.I(EP) Haven Automation Marine Pte Ltd., Singapore

နှင့်

ရန်ကုန်မြို့နေ (ဦးရွှေကျော်) (ညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်ခင်ထားကြည်(စာရင်းစစ်အရာရှိ၊ အကျဉ်းဦးစီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန)တို့၏ သမီး

မခင်ဝေဝေကျော် B.C.Tech (Q), B.A(English)

လက်ထောက်မန်နေဂျာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

တို့၏ (၂၈-၁၂-၂၀၀၇)ရက်နေ့ မင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးဟန်ရှိန်၊ (၆-၁-၂၀၀၈)ရက်နေ့ Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဇနီး ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနပါမောက္ခဒေါ်ခင်ဆွေမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ဇနီး ဒေါ်စမ်းစမ်းဝေ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသည့် ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေး သီဆိုပေးသော တေးသံရှင်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော The Aces တေးဂီတ အဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် ကိုမာနှင့် အငယ်လေး၊ မှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏာခွာနီးနှင့် အဖွဲ့၊ ပန်းအလှပြင်နီနီပွိုင့်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးသော ညီမငယ် မခင်ဇင်ဇင်ကျော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မခင်ရတနာဇော်ဇော်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မဖြိုးဖြိုးအောင်၊ သတို့သားအရံ မောင်တင်မိုးဝင်းနှင့် သတို့သမီးအရံ မနီလာစိုး၊ သင်္ဂဟရွှေဝါ ပိုးထည်တိုက်မှ ကိုဖြိုးဝေသောင်းနှင့် မစိုး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း (၈-၁-၂၀၀၈)ရက်နေ့၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်အေး-မခင်ဝေဝေကျော်

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၀၈)ဖြင့် **ဦးဇေယျ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) စက်မှုညွှန်ကြားရေးဦးစီးဌာန အမှတ်(၁) စက်မှုဝန်ကြီးဌာန** အား **စီမံထူးချွန် (တတိယဆင့်)** ကို ချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး - ဒေါ်ခင်စန်းဝေ ရဲအုပ်(ငြိမ်း)
ချစ်သမီး - မငုဝါခိုင် B.Sc (IC)
ချစ်သား - မောင်လင်းထက်အောင်
တက္ကသိုလ်ဝင်တန်း(A)၊ အထက(၂) ဗဟန်း

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် နိုင်ငံတော်မှ **ဦးချစ်မောင် ၆ သုံးလုံး ဒန်သတ္တုလုပ်ငန်း**အား **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည်ကို ကြားသိရသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍တိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း အဝေးရောက်သားများက ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဝေးရောက်ချစ်သားများ -ဦးဝင်းဦး(ဘာဘူ)
ဦးဝင်းညွှန့်(ဘဲလူး)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော "ကြယ်စင်သက်သေ"ဗီဒီယိုဇာတ်လမ်း၌ ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံသားအားလုံး ဤမြေမှာနေ၊ ဤရေကိုသောက်ပြီး ကြီးပြင်းလာကြသူများ ပီပီ မိမိနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမျိုးသားရေးတာဝန်အဖြစ် ခံယူစောင့်ထိန်း

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော"ကြယ်စင်သက်သေ" ဗီဒီယိုဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်ရှိ ဥတ္တရဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ယနေ့ သတင်း အညွှန်း

ထူးထူးခြားခြား ကမ္ဘာ့မှတ်တမ်းဝင်ဖြစ်ရပ်များ — စာမျက်နှာ–၄

အီရတ်၊ ကင်ညာ၊ အမေရိကန်၊ ထိုင်း၊ ယီမင် နိုင်ငံတကာ နောက်ဆုံးသတင်းများ — စာမျက်နှာ–၄၊၅

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ သတင်းများ — စာမျက်နှာ–၉

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား